**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၂၈)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၀ ရက်)

(ကြာသပတေးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈) ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို (၁၇၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀.၂၈) ရာခိုင်နှုန်း ရှိပြီး၊ တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ် ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့

နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ (ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်ရေးကိုယ်တာ။ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ အစည်းအဝေးတက်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီအစည်းအဝေး။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ ပြည်ပခရီးစဉ်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဖခင်ကျန်းမာရေး။ ဦးဖေသောင်း၊ ကချင်(၆)၊ ဒေသဖွံ့ဖြိုးရေး။ ဦးမြအုန်း၊ ကချင်(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှသိန်း၊ မကွေး(၃)၊ ကျန်းမာရေး။ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်သန်း၊ မကွေး(၁၀)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်ကျန်းမာရေး။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ အစည်းအဝေးတက်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း၊ တပ်မတော်၊ ကျန်းမာရေး။ ဦးပေါ်လျံလွင်၊ ချင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးရှုမောင်၊ ရှမ်း(၈)၊ အမျိုးသားစီမံကိန်းပူးပေါင်းကော်မတီ အစည်းအဝေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ စီမံကိန်း ပူးပေါင်း ကော်မတီ အစည်းအဝေး။ ဦးစံပြည့်၊ ကချင်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကန်ပက်လက်မြို့မှ ရဲလောင်းပန်းရွာ၊ ငုံလောင်းရွာ၊ စံအိမ်နူးရွာ၊ ခိတော်ရွာအထိ လမ်းအပိုင်းကို ဆက်လက်ဖောက်လုပ်ပေးရန်နှင့် ခိတော်ရွာမှ ခါပန်းရွာကိုဖြတ်၍ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ကံကြီးရွာ (ကျောက်ထုလေယာဉ်ကွင်းသို့အရောက်) ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ဦးမနားနိုင်း က ကန်ပက်လက်မြို့မှ ရဲလောင်းပန်းရွာ၊ ငုံလောင်းရွာ၊ စံအိမ်နူးရွာ၊ ခိတော်ရွာအထိ လမ်းအပိုင်းကို ဆက်လက် ဖောက်လုပ်ပေးရန်နှင့် ခိတော်ရွာမှ ခါပန်းရွာကိုဖြတ်၍ မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ ကံကြီးရွာ (ကျောက်ထုလေယာဉ်ကွင်းသို့အရောက်) ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ သည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးမနားနိုင်း၊ (ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀))။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားတော်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် ကန်ပက်လက်မြို့မှ ရဲလောင်းပန်းရွာ၊ ငုံလောင်းရွာ၊ စံအိမ်နူးရွာ၊ ခိတော်ရွာများသို့ ဖောက်သည့် ကားလမ်းကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ လမ်းလုပ်ငန်းဖြစ်စဉ်လေးကို အနည်းငယ်တင်ပြခွင့်ပြုပေးပါခင်ဗျား။ ဒီလမ်းဟာ ယခင်အစိုးရ လက်ထက်ကစပြီး ကန်ပက်လက်-ရဲလောင်းပန်းကားလမ်းဆိုပြီးမှ ဖောက်ခဲ့ကြပါတယ်။ ကားလမ်း မဖောက်ခဲ့ဘဲနဲ့ ကားလမ်းဖွင့်ပွဲကို ကျင်းပခဲ့ကြကြောင်း သိရှိရပါတယ်။ ၂၀၁၀-၂၀၁၁ ခေတ်စနစ် အပြောင်းမှာ အဲဒီလမ်းကိုပဲ ကျွန်တော် လွှတ်တော်မှာ ပြန်လည်ပြီးတော့မှ တင်ပြခဲ့ပါတယ်။ တင်ပြခဲ့တဲ့အခါမှာ လွှတ်တော်က နေပြီးတော့ နယ်စပ်စည်ပင်ဘတ်ဂျက်နဲ့ ခွဲဝေခွင့်ပြုပေးခဲ့တာကို ကျွန်တော်တို့ ခံစားရပါတယ်။ အဲဒီ နယ်စပ်စည်ပင်ကနေပြီးတော့မှ မြို့နယ်စည်ပင်ကို ဦးစီးကြပ်မတ်ခိုင်းပြီးတော့မှ ဒီလမ်းကို ဖောက်လုပ်ခဲ့တဲ့နေရာမှာ စံအိမ်နူးအထိ အဖြစ်သဘော ဖောက်သွားပြီးတော့မှ လုံး၀ ကားသွားလို့မရတဲ့ အနေအထားမျိုး ဖြစ်နေပါတယ်။ ဆိုင်ကယ်တောင်မှပဲ သွားချင်ကြတဲ့ လူငယ်တွေက စွန့်စားပြီးတော့မှ မနည်းသွားရတဲ့၊ ရုန်းကန်နေကြရတဲ့ အနေအထားဖြစ်နေပါတယ်။

တစ်ဖန် ၂၀၁၂ အစိုးရအဖွဲ့အစည်းတွေနဲ့ ပြန်လည်ပြီးတော့မှ၊ ပြည်နယ်အစိုးရ အဖွဲ့အစည်းနဲ့ ပြန်လည်ပြီးတော့မှ၊ ညှိပြီးတော့ မေးမြန်းတဲ့အခါမှာ ပြန်လည်ပြီးတော့ ဒီလမ်းကိစ္စနဲ့ ပြန်လည်ပြီးတော့ တင်ပြဖို့ သူတို့အကြံပေးလာပါတယ်။ ဒါနဲ့ အရင်တုန်းက ဖောက်သွားပြီးတဲ့ အနေအထားကို အားမရတဲ့အတွက်ကြောင့်မို့လို့၊ လုပ်ငန်းမဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကုမ္ပဏီနဲ့ ဆက်လက်ပြီးတော့မှ လုပ်ဆောင်နိုင်အောင် ဆိုပြီးတော့မှ ပြည်နယ်အစိုးရနဲ့ညှိနှိုင်းတဲ့အခါမှာ ကျွန်တော်တို့ နန်နင်းကုမ္ပဏီဆိုတဲ့ ကုမ္ပဏီတစ်ခုကနေပြီးတော့မှ တာဝန်ယူထားကြောင်း ကျွန်တော်တို့

သိရပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ဒေသခံပြည်သူတွေနဲ့ ကိုယ်စားလှယ်များနဲ့ ဒီ လမ်းဖောက်လုပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့ ဘာမှ ကျွန်တော်တို့ ရေရေရာရာ မသိရှိရပါဘူး။ ကုမ္ပဏီတည်ထောင်ပြီးတဲ့အခါကျတော့မှ ကုမ္ပဏီက ဖောက်တော့မယ့်အခါကျတော့ ကုမ္ပဏီကို ဦးစီးဦးဆောင်မယ့် လူလည်းမရှိ မြို့နယ်မှာ ဌာနအဖွဲ့အစည်းတွေကလည်းပဲ မဦးစီး၊ မဦးဆောင်နိုင်တဲ့ အနေအထားဖြစ်နေတယ်။ သူတို့နည်း သူတို့ဟန်နဲ့ ဖောက်တဲ့အခါမှာ လမ်းဟာသူတို့ လိုချင်သလို မဖြစ်လာဘဲနဲ့ နောက်ဆုံးမှာ ပြဿနာတစ်ခုအနေနဲ့ပဲ ကျန်သွားပါတယ်။

ဒါနဲ့နွေရာသီ၊ ဆောင်းရာသီတစ်လျှောက်လုံးကို ဖောက်လာခဲ့ပြီးမှ မိုးတွင်းရောက်ခါနီးဖြစ်လာတဲ့အခါကျတော့ အဲဒီမှာ မိုးတွင်းရောက်လာပြီ။ ဒါကြောင့်မို့လို့ ပြန်နားပြီးတော့မှ နောက်နှစ်ဆောင်းတွင်းမှာပဲ ပြန်ဖောက်မယ် ဆိုတဲ့အနေအထားမျိုးနဲ့ သူတို့ကတိပေးခဲ့တယ်။ သို့သော်လည်း ဒီကတိဟာ သူတို့ဆက်လက်ပြီးတော့မှ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ အဲဒါကြောင့်မို့လို့ ဒါကို ပြည်နယ်အစိုးရဝန်ကြီးအဖွဲ့ကို ကျွန်တော်မေးပါတယ်။ မေးတဲ့အခါမှာ ဝန်ကြီးအဖွဲ့က ဒါဟာ လွှတ်တော်ကို ပြန်တင်ပါဆိုပြီးတော့မှ အခုလိုကျွန်တော်ထပ်ပြီးတော့မှ ပြန်တင်ရခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ကုမ္ပဏီကို ပြန်ပြီးတော့မှ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ ကုမ္ပဏီကိုလည်းပဲ ကျွန်တော်တင်ပြတဲ့အခါမှာ ခင်ဗျားတို့ ပြန်ဖောက်နိုင်မယ့်အနေအထားရှိလားလို့ ပြန်မေးကြည့်တဲ့အခါမှာသူတို့ကလည်းပဲ ပြန်လည်ပြီးတော့မှ ဖောက်နိုင်ဖို့ရာ အခြေအနေမရှိဘူးလို့ ပြန်လည်အဖြေပေးတဲ့အခါကျတော့ ကျွန်တော်တို့ ကနေပြီးတော့မှ ၂၀၁၀-၂၀၁၁ ကနေပြီးတော့မှ တင်ပြလာခဲ့ပြီး ဒီလမ်းကြောင်းဟာ လုံးလုံးလျားလျား အောင်မြင်မှုမရှိဘဲနဲ့ ဒီကနေ့အထိ ကြပ်နေတာကို တွေ့ရ ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလမ်းအပိုင်း ကန်ပက်လက်ကနေပြီး ရွာများကို ဖြတ်ပြီးတော့မှ ခိတော်အထိကို ပေါက်တဲ့ဒီလမ်းအပိုင်းကို ပြန်လည်ပြီးတော့မှ ဖောက်လုပ်ပေးဖို့ရာအတွက် ကုမ္ပဏီမှာ အစီအစဉ်ရှိသလားဆိုတဲ့ အနေအထားမျိုးကို ကျွန်တော်တို့က အစိုးရအဖွဲ့ကို မေးတဲ့အခါမှာလည်း အစိုးရကလည်းပဲ အဖြေအတိအကျမပေးနိုင်တဲ့အတွက်ကြောင့် လွှတ်တော်မှာ ကျွန်တော် တင်ပြတောင်းခံလာတဲ့အခါမှာ၊ မေးမြန်းလာတဲ့အခါမှာ ကျွန်တော်အဓိကမေးခွန်းကတော့ ကန်ပက်လက်ကနေ ခိတော်အထိ ပျက်နေ၊ ကျန်နေခဲ့တဲ့ လမ်းအပိုင်းတွေဟာ ပြန်လည်ပြီးတော့မှ ဖောက်ပေးဖို့ အစီအစဉ် ရှိသလား၊ ပြည်ထောင်စု အစိုးရဘတ်ဂျက်နဲ့ရော ပြန်လည်ပြီးတော့ ခွဲဝေပေးဖို့ အစီအစဉ်ရှိသလား (၁)အချက် အနေနဲ့ မေးချင်တာဖြစ်ပါတယ်။

(၂)အနေနဲ့ အဲဒီလမ်းနှင့် ဘတ်ဂျက်ဟာ အဲဒီဖောက်သွားပြီးခဲ့တဲ့လမ်းနှင့် ချပေးတဲ့ ဘတ်ဂျက်ဟာ တန်၊ မတန် ဒါကိုလည်းပဲ ပြန်ပြီးတော့မှ စိစစ်ဖို့ရာအတွက် အစီအစဉ် ရှိ/မရှိ ကို ကျွန်တော် မေးလိုတာဖြစ်ပါတယ်။ ကန်ပက်လက်ကနေပြီးတော့မှ ငုံလောင်း-စံအိမ်နူး-ခိတော်အထိ၊ ခိတော်ကနေပြီးတော့ ခါပန်းရွာကို ဖြတ်ပြီးတော့မှ ဆောမြို့နယ်၊ ကံကြီးကိုဖောက်တဲ့လမ်းကို ဒီထဲမှာရှိတဲ့၊ မြို့နယ်ထဲမှာ ရှိနေတဲ့ အင်ဂျင်နီယာများနဲ့ အခြေခံတိုင်းတာပြီးတော့မှ ပြည်ထောင်စုအစိုးရရဲ့ ဘတ်ဂျက်နဲ့ ပြန်လည်ပြီးတော့ ဖောက်လုပ်ရန်အတွက် အစီအစဉ် ရှိ၊မရှိ ဆိုတဲ့ အနေအထားကိုလည်းပဲ ထပ်ဆင့်ပြီးတော့မှ တင်ပြမေးမြန်းလိုတာဖြစ်ပါတယ်။

နောက်တစ်ချက်အနေနဲ့ ဒီလိုလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ဒေသတွေမှာ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းတွေကို ချပေးတဲ့အခါမှာ ကျွန်တော်တို့ ဒေသရဲ့အခြေအနေအရ ခက်ခဲတဲ့အတွက်

ကြောင့်မို့လို့ ဘတ်ဂျက်ငွေတွေဟာ တိုးမြှင့်ပြီးတော့မှ ချပေးနိုင်ဖွယ်ရာ အစီအစဉ် ရှိ/မရှိ ဒီလို မေးရခြင်းဟာ ကျွန်တော်တို့ ပြည်မတွေ လမ်းပန်းဆက်သွယ်ရေး လွယ်ကူတဲ့နေရာမျိုးမှာ ဘတ်ဂျက်တွေ ချပေးလိုက်တာနဲ့ ကျွန်တော်တို့ တောင်ပေါ်ဒေသ အင်မတန်မှ ဝေးလံသီခေါင်ပြီး တော့မှ ခက်ခဲတဲ့ လမ်းပန်းဆက်သွယ်ရေး မရှိတဲ့နေရာမျိုးမှာ ချပေးလိုက်တဲ့ ဘတ်ဂျက်တွေဟာ သူ့ရဲ့ပမာဏချင်းတော့ တူတဲ့အခါမျိုးဖြစ်သော်ငြားလည်းပဲ တကယ်တမ်းလက်တွေ့ အကောင်အထည်ဖော်တဲ့နေရာမှာ ဒါ ကျွန်တော်တို့ တင်းပြည့်၊ ကျပ်ပြည့်၊ ရာနှုန်းပြည့် မအောင်မြင်နိုင်တဲ့၊ မလုပ်ဆောင်နိုင်တဲ့အပိုင်းတွေ ရှိနေတယ်ဆိုတာ တင်ပြရခြင်း ဖြစ်ပါတယ်။

နောက် (၅)အချက်အနေနဲ့ ကျွန်တော်တင်ပြမေးမြန်းလိုတာကတော့ ဒီလိုလုပ်ဆောင်တဲ့ အခါမှာ အခုနကျွန်တော်တင်ပြသလိုပဲ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ တကယ်တမ်း ဆက်သွယ်ပြီး တော့မှ လုပ်ဖို့ဆိုတာလည်းပဲအဆင်မပြေဘူး။ မြို့နယ်ကနေပြီး ကျွန်တော်တို့ လွှတ်တော်တက်နေတဲ့ အခါမှာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ကို မေးတဲ့အခါကျတော့ ဒီလမ်းနဲ့ပတ်သက်လို့ ခင်ဗျားတို့ ဘာသိရ သလဲလို့ မေးတဲ့အခါမှာ သူတို့ကလည်းပဲ ဘာမှမသိဘူး၊ ကျွန်တော့်ကို တာဝန်ပေးခြင်း မရှိဘူးလို့ပဲ ပြောပါတယ်။ ကုမ္ပဏီကလည်း ဒီလိုပဲ ပြောလာခဲ့၊ အဖြေပေးခဲ့တဲ့အတွက်ကြောင့် နောက်ပြီးတော့ ပြည်နယ်အစိုးရကို မေးကြည့်တဲ့အခါမှာ ပြည်နယ်အစိုးရကလည်းပဲ ဒါဟာကုမ္ပဏီနဲ့ သက်ဆိုင်တယ်။ လိုအပ်လို့ချင်ရင် လွှတ်တော်ကို ပြန်တင်ရဖို့ ဖြစ်တဲ့ အနေအထားမျိုး အဖြေရတဲ့ အတွက်ကြောင့်မို့လို့ ဒီနေ့ လမ်းလုံးဝဟာ အောင်မြင်မှုမရှိဘဲနဲ့ ကျန်နေတဲ့အပိုင်းတွေ ဖြစ်လာတဲ့အခါကျတော့ ဒေသခံ ပြည်သူများကနေပြီးတော့မှ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့အပိုင်းမှာ ကျွန်တော်ဟာ ဖိအားပေးလာတဲ့ အတိုင်းအတာတွေ ဖြစ်လာပါတယ်။

အဲဒါကြောင့်မို့လို့ တကယ်တမ်း နောက်ပိုင်း နောက်ပိုင်းတွေမှာ လမ်းနဲ့ပတ်သက်လို့ပဲ ဖြစ်ဖြစ်၊ တံတားနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် စီမံကိန်းတွေ၊ ဖွံ့ဖြိုးရေးစီမံကိန်းတွေကျလာလို့ရှိရင် ဒါဟာ မြို့နယ်မှာရှိတဲ့ တကယ့်အရင်းအချာဒေသခံမြို့နယ်မှာရှိတဲ့ ပုဂ္ဂိုလ်များရဲ့ကြီးကြပ်လမ်းညွှန်မှု ကိုလည်းပဲ ရှိနိုင်ဖို့ရာအတွက် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြို့နယ်မှာရှိတဲ့ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနဲ့ လုပ်ငန်းရှင်များ ကုမ္ပဏီများဟာ ရင်းနှီးစွာနဲ့၊ ရင်းနှီးပြီးတော့မှ ညှိနှိုင်းပြီးတော့မှ လုပ်ငန်းအောင်မြင်ဖို့ရာအတွက် မြို့နယ်ကနေပြီးစီမံဖို့ရာအတွက် အစီအစဉ်ရှိ/ မရှိနဲ့ အနေအထားကို ဦးတည်ပြီးတော့မှ မေးမြန်းလိုတာဖြစ်ပါတယ်။ အထူးပဲ ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်ရှိ ကူတောင်ချောင်း ဖျားကို ပိတ်ဆည်ပြီး စိုက်ပျိုးရေးနှင့်လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များ အတွက် ရေပေးဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်ရှိ ကူတောင်ချောင်း ဖျားကို ပိတ်ဆည်ပြီး စိုက်ပျိုးရေးနှင့်လူ၊ ကျွဲ၊ နွား တိရစ္ဆာန်များ အတွက်ရေပေးဝေပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဂါရဝပြုပြီး နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ရသေ့တောင်မြို့နယ်ရှိ ကူတောင်ချောင်းဖျားကို ပိတ်ဆည်ပြီး စိုက်ပျိုးရေး၊ လူနှင့် ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရန်အတွက် ရေပေးဝေပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ရှိ မူးစေးကျွန်းဟာ အလျား (၈)မိုင်ကျော်ရှည်တဲ့ ကျွန်းကြီးတစ်ကျွန်းဖြစ်ပါတယ်။ ရခိုင်မြောက်ပိုင်းမှာဆိုရင် အကြီးဆုံး ကျွန်းတစ်ကျွန်းလည်း ဖြစ်ပါတယ်။ အဲဒီကျွန်းပေါ်မှာ (၆)မိုင်လောက် ရှည်တဲ့ တောင်တန်းကြီးတစ်ခုလည်း ရှိပါတယ်။ အဲဒီတောင်တန်းကြီးကို အမှီပြုပြီးတော့ အဲဒီကျွန်းဖြစ်လာတယ် ဆိုတော့ ကျွန်းတစ်ခုလုံးဟာ မြေသြဇာ တော်တော်ကောင်းပါတယ်။ ကျွန်တော်တို့ မိုးများတဲ့ဒေသမှာ စိုက်ပျိုးတဲ့ ဆန်စပါးတို့၊ အခြားသီးနှံတို့အပြင် ဒီမြန်မာပြည်အညာမှာ စိုက်ပျိုးတဲ့မြေပဲတို့၊ ကြက်သွန်တို့ အကုန်လုံး စိုက်ပျိုးလို့လည်း ရပါတယ်။ နောက်ပြီးတော့ ရှမ်းပြည်နယ်တွေမှာ စိုက်တဲ့သီးနှံတွေလည်း အဲဒီတောင်တန်းတစ်ဝိုက်မှာ စိုက်ပျိုးလို့ရပါတယ်။ ဆိုတော့ တော်တော်မြေသြဇာကောင်းတဲ့ ဒေသ ဖြစ်ပါတယ်။

အဲဒီကျွန်းပေါ်မှာ လူဦးရေစုစုပေါင်း (၃၅၀၀၀) ခန့်နေပါတယ်။ အဲဒီကျွန်းဟာ စစ်တွေမြို့နဲ့ ရသေ့တောင်မြို့ကြားမှာ ဆက်သွယ်ထားတဲ့ကျွန်းလည်း ဖြစ်ပါတယ်။ အဲဒီကျွန်းကတစ်ဆင့် ဘူးသီးတောင်နဲ့မောင်တောနယ်ကိုလည်း သွားလို့ရပါတယ်။ အဲဒီလိုမြေသြဇာကောင်းပေမယ့် ဒီနွေရာသီရောက်လို့ရှိရင် ဒီရေတွင်း၊ ရေကန်တို့၊ ချောင်းမြောင်းတို့ ခန်းခြောက်တတ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မြေသြဇာကောင်းပေမယ့် သီးထပ်၊ သီးညှပ်စိုက်ပျိုးဖို့အခက်အခဲတွေ ရှိပါတယ်။ အခုရေချိုပိုလို့ ရှားပါးလာတာ ကိစ္စတစ်ခုကတော့ ဒီအရင်တုန်းက ရေချိုကမ်းပိုင်တွေဟာ အခုဒီ ငါး၊ ပုစွန်မွေးပြီးတော့ ရေငန်ဖြစ်သွားတဲ့ ရေချိုအရင်းအမြစ်တွေတော်တော်များများ ရှားပါးသွားပါတယ်။ ဆိုတော့ ကျွဲတွေ၊ နွားတွေ သောက်ဖို့ကလည်း တော်တော်အခက်အခဲရှိပါတယ်။

နွေရောက်ခါနီးဆိုရင်၊ မိုးကုန်ခါနီးဆိုရင် အဲဒီချောင်းမြောင်းတွေကို ပေးရပါတယ်။ အဲဒီအခါ ရာသီဥတုပူပြင်းတဲ့နှစ်တွေဆိုရင် အဲဒီလျှောင်တဲ့ရေတွေကလည်း ခန်းခြောက်သွားပါတယ်။ နောက်တစ်ခုက သိပ်မိုးများတဲ့နှစ်တွေမှာဆိုရင်လည်း အဲဒီဆည်တွေက ကျိုးပေါက်သွားတဲ့အတွက် ကျွဲနွားတွေ သောက်ဖို့၊ စိုက်ပျိုးဖို့လည်း တော်တော် အခက်အခဲတွေရှိပါတယ်။ ဆိုတော့ အဲဒီ ကျွန်းပေါ်မှာ အကြီးဆုံးတွေကတော့ ကူတောင်ကျေးရွာကြီး ဖြစ်ပါတယ်။  အိမ်ခြေ ကိုးရာကျော် တစ်ထောင်နီးပါးလောက် ရှိပါတယ်။ အဲဒီရွာနားမှာရှိတဲ့ ကူတောင်ချောင်းဖျားကိုသာ လျှိုပိတ်တမံ အဖြစ် ပိတ်ဆည်နိုင်မယ်ဆိုရင် ကျွန်တော်တို့ အဲဒီရွာတစ်ဝိုက်မှာရှိတဲ့ ရွာလေးငါးရွာနဲ့ ဒီကျွဲနွားတွေသောက်သုံးဖို့၊ အသုံးပြုဖို့ ရေချိုပေါပေါများများ ရတော့မှာ ဖြစ်ပါတယ်။ တကယ်လို့ ပိတ်လို့ရှိရင်လည်း အဲဒီဆည်နားမှာ လယ်ဧက (၆၀၀)လောက် ရှိပါတယ်။ အဲဒီ (၆၀၀) လောက်ကို ဒီဆောင်းတွင်း၊ နွေတို့မှာ ရေပေးဝေနိုင်မယ့် အလားအလာ ရှိပါတယ်။ နောက်တစ်ခုက အဲဒီ မူစေးကျွန်းဟာ ရခိုင်ပြည်နယ်မှာ ရွှေ့ပြောင်းအလုပ်သမား IDP တွေ အများဆုံးထွက်တဲ့ဒေသ ဖြစ်ပါတယ်။ အဓိက စိုက်ပျိုးရေးလုပ်ငန်း အားမကောင်းတဲ့အတွက် သူတို့က အဝေးမှာ သွားပြီးတော့ အလုပ် လုပ်ရတာ ဖြစ်ပါတယ်။ တကယ်လို့

ဒီဆည်တွေရှိလာပြီး ကျွန်တော်တို့ နှစ်သီး၊ သုံးသီးစိုက်ပြီးတော့ စိုက်ပျိုးမွေးမြူရေးတွေ အားကောင်းလာပြီဆိုရင် အဲဒီဒေသကလူတွေဟာ အဝေးသွားစရာမလိုဘဲ ကိုယ့်မိသားစုနဲ့ နွေးနွေးထွေးထွေး နေထိုင်လို့ရပါတယ်။ အဲဒီလို နေထိုင်မယ့်ဆန္ဒ အဲဒီဒေသခံတွေမှာ ရှိပါတယ်၊ ဆိုတော့ သူတို့က အဲဒီ ပူတာအိုချောင်းကိုပိတ်ပြီးတော့ ဆည်လေးတစ်ခု လုပ်ပေးစေချင်ပါတယ်။ အဲဒီလျှိုပိတ်မယ့် အကွာအဝေး ကလည်း ပေ (၄၀၀) လောက်ပဲရှိပါတယ်။ လျှိုအစိက က (၁) မိုင်၊ နောက်အချက်အလက်တွေ ပေါင်းရင် စုစုပေါင်း (၂)မိုင်လောက်ပဲရှိတဲ့အတွက် ကုန်ကျစရိတ်လည်းနည်းနည်းနဲ့ ပြီးစီးနိုင်ပါတယ်။ တကယ် လို့သာ အဲဒီပူတာအိုချောင်းဖျားကို ဆည်ပိတ်နိုင်လို့ရှိရင် အဲဒီမူစေးကျွန်းဟာ အခြေခံခိုင်မာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသငယ်တစ်ခုအဖြစ် ပြောင်းလဲနိုင်ပြီးတော့ ဒီ ပတ်ဝန်းကျင်မှာရှိတဲ့ ရွာပေါင်း (၂၀)ကျော်ကလည်း အဲဒီဆည်ကို အမှီသဟဲပြုပြီးတော့ ရေချို အရင်းအမြစ်တွေ ရနိုင်ပါတယ်။ အဲဒါကြောင့် အဲဒီဒေသခံတွေရဲ့ ဆန္ဒပြုချက်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၅။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါ စေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမနားနိုင်း ၏ ကြယ်ပွင့်ပြ မေးခွန်းနဲ့ပတ်သက် ပြီးတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ကျွန်တော် ဦးတင်ငွေ မှ ဆက်လက် ဖြေကြားသွားမှာ တင်ပြသွားမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမနားနိုင်း မှ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ဖြင့် ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ကြောင်း ဦးစွာ တင်ပြ လိုပါတယ်။

ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်အတွင်းမှာ ကျွန်တော်တို့ ကန်ပက်လက်ရယ်၊ ရဲလောင်းပန်း၊ ငုံလောင်း၊ စံအိမ်နူး၊ ခိတော်၊ မြေသားလမ်းမှာ (၁၃)မိုင်ရှိပါတယ်။ ခိတော်ကနေပြီးတော့ ခါးပန်းရွာကို ဖြတ်ပြီးတော့ ချင်းပြည်နယ်နယ်စပ်အထိ ကျွန်တော်တို့ (၁၅)မိုင် ရှိပါတယ်။ အဲဒီတော့ ချင်းပြည်နယ် နယ်စပ်ကနေ မကွေးတိုင်း ကျောက်ထု မြို့အထိ မြို့နယ်ခွဲမှာရှိတဲ့ ကံကြီးရွာအထိက (၅) မိုင်ရှိပါတယ်။ နောက် ကံကြီးရွာကနေ ကျောက်ထု လေယာဉ်ကွင်းထိဆိုရင် စုစုပေါင်း (၆)မိုင်ရှိပါတယ်။ အဲဒါကြောင့်မို့လို့ စုစုပေါင်းလိုက်ရင် လမ်းအရှည်က (၃၉) မိုင်လောက်ရှိပါတယ်။ ဒီအဆိုပါလမ်းမှာ ကန်ပက်လက်၊ ရဲလောင်းပန်း၊ ငုံလောင်း၊ စံအိမ်နူး၊ ခိတော် မြေသားလမ်း (၁၃) မိုင် ကို မွေးမြူရေး၊

ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်မှာ ခွင့်ပြုငွေ (၁၄၅.၇)သန်းနဲ့ ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီ ခိတော်-ခါးပန်း-ကံကြီးအထိ အရှည်က မိုင်(၂၀)ကို မြေသားလမ်းအဖြစ် အဆင့်မြှင့်မယ်ဆိုရင် ကျွန်တော် ခုနက တင်ပြတဲ့ လမ်းအရှည်ကိုအတိုင်း ကျွန်တော်တို့လုပ်မယ်ဆိုရင် သန်း (၃၂၀) လောက် ထပ်မံကုန်ကျမှာ ဖြစ်ပါတယ်။

တစ်ခါ ကျွန်တော်တို့ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ် အတွင်းမှာပဲ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ပေါ့၊ လာမယ့်နှစ်မှာ ကျွန်တော်တို့ ဘဏ္ဍာနှစ် အဲဒီနှစ်မှာ ကျွန်တော်တို့ ရန်ပုံငွေ သန်း (၄၀၀) အဲဒါဘယ်လမ်းကို ကျွန်တော်တို့ ဖောက်မလဲဆိုလို့ရှိရင် မူလောင်း-မနာယင်-မဒါသာ-မကြာအိမ်နူး-မကွီအိမ်နူး မြေသားလမ်း (၂၅) မိုင်ကို ဆောင်ရွက်ဖို့လျာထားတာရှိပါတယ်။ ထို့အတူပဲ ချင်းပြည်နယ်နဲ့ ဆက်စပ်နေတဲ့ မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့နယ်ခွဲမှာလည်း ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ လာမယ့် ဘဏ္ဍာရေးနှစ်မှာ (၇၈၇.၁၄) သန်းလျာထားပါတယ်။ အဲဒီလမ်းကတော့ ကျွန်တော်တို့ တပြင်း-ပင်တောင်-အနိမ့်-ကြူတော ဒါကတော့ မကွေးတိုင်းပဲ ဖြစ်ပါတယ်။ လက်ပန်-သံပုရာ-မန်း-ကျောက်လိပ်-ကျောက်ချောလမ်း (၁၈)မိုင်လျာထားပါတယ်။ ကျွန်တော်တင်ပြချင်တာကတော့ ချင်းပြည်နယ်ရော ချင်းပြည်နယ်နဲ့ ဆက်စပ်နေတဲ့ မကွေးတိုင်းဒေသ ကျောက်ထုမြို့နယ် ခွဲမှာရော ကျွန်တော်တို့ လျာထားချက်တွေ လာမယ့် နှစ်မှာရှိပါတယ်ဆိုတဲ့ အကြောင်းကို တင်ပြခြင်း ဖြစ်ပါတယ်။

နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးက မေးမြန်းထားတဲ့ ကန်ပက်လက်မြို့နယ် အတွင်းမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်မှာ ခွင့်ပြုရန်ပုံငွေနဲ့ ခုန ဆောင်ရွက်နေတဲ့ ကန်ပက်လက်-ရဲလောင်းပန်း-ငုံလောင်း-စံအိမ်နူး-ခိတော် မြေသားလမ်းဟာ (၁၃) မိုင်ရှိပါတယ်။ အဲဒီ အနက်က ကျွန်တော်တို့ ကနေ့အခြေအနေထိဆို (၁၁)မိုင်နဲ့ (၄)ဖာလုံဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးလည်း အားလုံး ခုနက တင်ပြသွားတဲ့အတိုင်း သိရှိပြီး ဖြစ်ပါတယ်။ စံအိမ်နူးမှ ခိတော်ထိ ကျန်တဲ့ (၁)မိုင်နဲ့ (၄) ဖာလုံ၊ (၁)မိုင်ခွဲမှာ တောင်တက် တောင်ဆင်း ကြမ်းခြင်း၊ ပေ (၂၀၀)(၃၀၀) အရှည်ခန့်ရှိတဲ့ ကျောက်ဆောင်တန်းတွေ ရှိခြင်းတို့ကြောင့် နောက်ပြီး တော့လည်း ရေစီးကြမ်းတဲ့ ငှက်ပျောချောင်းဆိုတာရှိပါတယ်။ အဲဒါကလည်း ကြီးမားတဲ့ ဒီကျောက်တုန်း တွေနဲ့ အခက်အခဲကြောင့် စက်ယန္တရားများ ကူးရန်အခက်အခဲရှိသလို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီနေရာကိုရှောင်ပြီးတော့ ဖောက်လို့ရှိရင် ကျွန်တော်တို့ တခြားလမ်းကြောင်း ကလည်း လယ်သမားတွေက သူတို့လယ်ထဲကိုဖြတ်တဲ့အတွက်ကြောင့် ဖောက်ထုတ်ဖို့ကို ကန့်ကွက် နေတာလည်း ရှိပါတယ်။ ကျန်တဲ့ (၁) မိုင်နဲ့ (၄) ဖာလုံကိုတော့ ကျွန်တော်တို့ ဆောက်လုပ်နိုင်ခြင်း မရှိတာကို တွေ့ရပါတယ်။

အဆိုပါကျန်တဲ့လမ်း (၁) မိုင်ခွဲကို သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနဲ့ ကျေးလက်အထောက်အကူပြု ကော်မတီများ၊ မြို့နယ် အထောက်အကူပြု ကော်မတီများနဲ့ ညှိနှိုင်းပြီးလို့ရှိရင် ကျွန်တော်တို့ ဒီလမ်းကို ကွင်းဆင်းစစ်ဆေး ပြီးတော့ ဆက်လက်ပြီးတော့ ဖောက်သွားဖို့ ကျွန်တော်တို့စီစဉ်ပေးမှာဖြစ်ပါတယ်။ တကယ်လို့ မိုးတွင်းမှာ ခုနကဖောက်ပြီးသားလမ်းကို ကျွန်တော်တို့ မိုးတွင်းမှာ ပျက်သွားတဲ့ဟာတွေလည်း မြေသားလမ်းရဲ့ သဘောသဘာဝ ကျွန်တော်တို့ ပြန်ပြီးတော့ ဘက်ဂျက်လျာထားပြီးတော့ ဘက်ဂျက် ထွက်ချက် ပြီးတော့ ဒါကျွန်တော်တို့ နှစ်စဉ် Maintanence ချပေးလို့ရပါတယ်။ အဲဒါနဲ့လည်း ကျွန်တော်တို့ ပြန်ပြင်

ပေးပါ့မယ်။ ပြန်ကောင်းအောင်ထိ။ အဲဒီတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း ကျွန်တော်တို့ အချက်တွေကို သေချာမြေပြင်မှာဆင်းပြီးတော့ ယခင်ကျွန်တော်တို့ ပဲခူးတိုင်းမှာ လုပ်သလို ကျွန်တော်တို့ သေချာဆင်းပြီးတော့လုပ်မှသာလျှင် ခုနက သက်ဆိုင်ရာ ကုမ္ပဏီရော ကျွန်တော်တို့ ပြန်လည် စီစစ်ပြီးတော့ ကျွန်တော်တို့လုပ်ဖို့ရှိပါတယ်။

ပြီးတော့ ပြန်လုပ်ပေးပါမယ်။ ဘာလို့တုန်းဆိုတော့ ကျွန်တော်တို့ဒီ သက်ဆိုင်ရာ ချင်းပြည်နယ် အစိုးရအနေနဲ့ကလည်း သူတို့ကသာ ကျွန်တော်တို့ ဒီရန်ပုံငွေများကိုအားလုံး ပြည်ထောင်စုမှာ ကျသမျှယူ၊ ပြီးခဲ့တဲ့နှစ်က ကျွန်တော်တို့ရသမျှအားလုံးကို တိုင်းဒေသကြီးတွေမှာ လမ်းကိစ္စ၊ ရေကိစ္စ၊ မီးကိစ္စ အားလုံး ကို ကျွန်တော်တို့က သက်ဆိုင်ရာ တိုင်းဒေသ၊ ပြည်နယ်အစိုးရ အဖွဲ့များကို သူတို့ရဲ့အစီအစဉ်နဲ့ တင်ဒါ ဖြည့်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ကသာ ကြီးကြပ်ပေးရုံနဲ့ ဘဏ္ဍာငွေ တွက်ချက် တောင်းခံပေးတာပဲဖြစ်ပါတယ်။ သို့သော်လည်း မနေပါဘူး၊ ကျွန်တော်တို့ဒီ ပြည်ထောင်စုအစိုးရ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့လည်း ကျွန်တော်သွားရောက်ပြီးတော့ ကွင်းဆင်းပြီးတော့ လိုအပ်တဲ့ အကူအညီပေ့ါ။ ပညာရပ်ဆိုင်ရာ အကူအညီလည်း ပေးပါမယ်။ ရန်ပုံငွေ လိုအပ်ရင်လည်း တွက်ချက် ပြီးတော့ တင်ပြတောင်းခံ ပေးပါမယ်။ နောက်ပြီးတော့ ဒီ သတ်မှတ်ထားတဲ့ ပြည်သူပေ့ါလေ ပြည်သူကနေ ဆင်းကြည့်ပြီးတော့ သူတို့သတ်မှတ်ထားတဲ့ ခွင့်ပြုထားတဲ့အတိုင်း ရန်ပုံငွေနဲ့ပါတဲ့ specification ကျွန်တော်တို့ ကိုက်ညီအောင်လည်း ကျွန်တော်တို့ပြန်ပြီးတော့ ဆောင်ရွက်ပေးပါမယ်လို့ တင်ပြလို ပါတယ်။

အဲဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ခိတော်-ခါးပန်း- ကံကြီးရွာ ရွာချင်းဆက်လမ်းကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ရန်ပုံငွေမှာတော့ ကျွန်တော်တို့ တင်ပြထားတာ မရှိပါဘူး။ ခုနကဆက်ပြီးတော့ ဖောက်မယ့်လမ်း ကျွန်တော်တို့ နယ်စပ်အထိပေ့ါ၊ သို့သော်လည်း သူက မကွေးတိုင်းနဲ့ ဆက်နေတဲ့အတွက်ကြောင့် နယ်စပ်အထိ ဒါကိုတော့ ကျွန်တော်တို့က လာမယ့် ကျွန်တော်တို့ ဖြည့်စွက် သို့မဟုတ်လည်း လာမယ့် ၂၀၁၄-၂၀၁၅ မမီလို့ရှိရင် ၂၀၁၅-၂၀၁၆ မှာ ဦးစားပေးအစီအစဉ် ကျွန်တော်တို့ တိုင်းတာပြီးတော့မှ သူက တော်တော် လေးလည်းခက်ပါတယ်။ ကျွန်တော်တို့ သိရသလောက် တောင်က ချင်းပြည်နယ်ဆိုတော့ တော်တော်လေး စောက်တယ်ဆိုတော့ ကျွန်တော်တို့ တချို့တွေ ထိုးလို့မရတော့ဘူးလို့ ပြောတယ်။ အဲဒါကြောင့် ကျွန်တော်တို့ မြေပြင်ကို သေချာကွင်းဆင်းခိုင်းပြီးတော့မှ ဆောင်ရွက်ရင် ဒီလမ်းက ခုနကကျွန်တော်တို့ မကွေးတိုင်းနဲ့ ချင်းပြည်နယ်စပ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ ပိုပြီးတော့ ဒါ ဒီဘက်ကိုဖောက်ထွက်တဲ့ ကျောက်ထုလေယာဉ်ကွင်းထိ ဖောက်ထွက်တဲ့လမ်း ဒါဟာ အဆင်ပြေသွားမှာ ဖြစ်ပါတယ်။အဲဒါကြောင့် ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးပြီးလို့ရှိရင် ကျွန်တော်တို့ သက်ဆိုင်ရာ ၂၀၁၄-၂၀၁၅ ပေ့ါ လာမယ့်နှစ်မှာ ကျွန်တော်တို့ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြ ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

နောက်တစ်ချက်အနေနဲ့ ကျွန်တော်တို့ နောက် ရခိုင်ပြည်နယ်အမှတ်(၆)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သတ်ပြီးတော့ ဆက်လက် ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခင်မောင်လတ်က ယခုလို ကျွန်တော်တို့ ကျေးရွာများကို ဆင်းပြီးတော့ စနစ်တကျမေးမြန်းတဲ့အတွက် အထူးပင်

ကျေးဇူးတင်ကြောင်း ပဏာမတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်ဟာ ကျေးရွာပေါင်း အုပ်စုပေါင်း (၈၈)အုပ်စု ကျေးရွာပေါင်း (၂၁၄) ရွာရှိပါတယ်။ ရသေ့တောင်မြို့နယ် အတွင်းမှာ ရေရှားပါးလို့ ကျွန်တော်တို့ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ရရှိရေး အတွက် တစ်ဖက်ပိတ်ဆည် ဆောက်ဖို့ ကိုတောင် ကျေးရွာမှာ အိမ်ခြေ ကျွန်တော်တို့ (၈၈၉)အိမ်၊ လူဦးရေ(၃၅၀၀)ခန့်ရှိတယ်လို့ သိရပါတယ်။ ရသေ့တောင်မြို့နယ်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ယခု ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ ရန်ပုံငွေ(၂၄)သန်း သောက်သုံးရေအတွက် ရွာ(၃)ရွာ၊ မြေသားကန် (၃)ကန်၊ နောက်တော့ ကျွန်တော်တို့ ခွင့်ပြုထားတာ ရှိပါတယ်။ တူးဖော်နေပါတယ်။ နောက်တစ်ခါ UNICEF က ပံ့ပိုးမှုငွေကျပ(၁၀)သန်းနဲ့ ကျေးရွာ (၅)ရွာ၊ မြေသားကန် (၅)ကန် တူးဖော်နေတာ ရှိပါတယ်။ ဒီအပြင် ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ယခု ခုနှစ်မှာပဲ ကျွန်တော်တို့ လက်ကျန်အထူးသီးသန့် ရန်ပုံငွေဆိုတာရှိပါတယ်။ အထူးသီးသန့်ရန်ပုံငွေ လက်ကျန်ထဲက နောက်ထပ် ရသေ့တောင် မြို့နယ်ထဲမှာပဲ ကျေးရွာ (၃) ရွာ၊ မြေသားကန် (၃) ကန် ယခုလအတွင်းမှာ ထပ်ပြီးတော့ ကျွန်တော်တို့ ကျပ်ငွေ (၁၈) သန်း ကျွန်တော်တို့ ဆောင်ရွက်ပေးဖို့ ရှိပါတယ်။

ဒီအပြင် ကျွန်တော်တို့ ရသေ့တောင်မြို့နယ်အတွင်းမှာ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ လာမယ့်နှစ်မှာ ကျွန်တော်တို့ ဘဏ္ဍာရန်ပုံငွေ (၄၈)သန်းနဲ့ ကျေးရွာပေါင်း (၆)ရွာကို မြေသားကန်(၆)ကန် တူးပေးဖို့လည်း ကျွန်တော်တို့ လျာထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အစိုးရရဲ့ ပြန်ကြားချက်အရဆိုရင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကူတောင်ကျေးရွာအနီးမှာ စီးဆင်းနေတဲ့ ကူတောင်ချောင်းဖျားမှာ လျှိုပိတ်တမံ တည်ဆောက်နိုင်ဖို့ ပြည်နယ် ဆည်/မြောင်း ဝန်ကြီးဌာနကနေပြီးတော့ ကွင်းဆင်းလေ့လာတဲ့အခါမှာ အလျားပေ(၇၀၀)၊ အမြင့်ပေ(၃၀) မြေသား တမံတစ်ခု၊ နောက်တစ်ခါ အလျားပေ(၅၀၀)၊ အမြင့်ပေ(၃၀) မြေသားတမံတစ်ခု ဆောက်ပေးလို့ ရှိရင်တော့ ဒီကန်အတွင်းကို ရေဧကပေ(၁၀၀၀)ကျော် ရရှိနိုင်မှာ ဖြစ်ပြီးတော့ ကူတောင်ကျေးရွာနဲ့ သာစည်ထောင့်၊ မင်းဂံ၊ ခြေတော်ရာ၊ ဒိုင်းကြပ် ဒီကျေးရွာတွေမှာ စိုက်ပျိုးရေနဲ့ သောက်သုံးရေ ပေးဝေနိုင်မယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ လျှိုပိတ်တမံ လုပ်ငန်းစီမံကိန်းကို အချက်အလက်များ သိရှိနိုင်ဖို့အတွက် ဇလဗေဒလေ့လာခြင်း၊ ဘူမိဗေဒ မြေဆီလွှာစမ်းသပ်ခြင်း၊ အသေးစိတ်တိုင်းတာခြင်း စတဲ့ ပဏာမစူးစမ်းလေ့လာခြင်း၊ အကျိုးဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်းနဲ့ ခန့်မှန်းကုန်ကျစရိတ်များကို တွက်ချက်ခြင်းတို့ကို ကျွန်တော်တို့ အချိန်ကာလတစ်ခုပေါ့။ လာမယ့် လအတွင်းမှာ ကျွန်တော်တို့ တိုင်းတာပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်က ရန်ပုံငွေကို ဘဏ္ဍာရေး နှစ်အလိုက် ဒါကတော့ ကျွန်တော်တို့ ဆည်/မြောင်း ဖြစ်တဲ့အတွက်ကြောင့် သက်ဆိုင်ရာ လယ်ယာ စိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနကို ကျွန်တော်တို့ ဒီဇိုင်းနဲ့ ပုံထုတ်ဖို့ အပ်နှံပြီးလို့ရှိရင် ကျွန်တော်တို့ အကောင်အထည်ဖော်ဖို့အတွက် ဦးစားပေးအစီအစဉ်နဲ့ လျာထားတင်ပြပေးပါမယ်။ အဲဒီအတိုင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီး၏ ကုန်ကျစရိတ်များကို တိကျစွာ ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမြတ်ဉာဏစိုး က မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲကြီး၏ ကုန်ကျစရိတ်များကို တိကျစွာထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ အားလုံး၊ ဒီကနေ့အစည်းအဝေးသို့ ကြွရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ မြန်မာ နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင် အားကစား ပြိုင်ပွဲကြီးရဲ့ ကုန်ကျစရိတ်တွေကို တိကျစွာထုတ်ပြန်ပေးဖို့ အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းက မြန်မာနိုင်ငံမှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ နှစ်ပေါင်း(၄၄)နှစ်ကြာမှ တစ်ကြိမ် ပြန်ပြီးတော့ ကျင်းပခွင့်ရခဲ့တာဖြစ်ပြီးတော့ ဆုတံဆိပ်ရရှိမှုမှာလည်း ရွှေတံဆိပ်(၈၆)ခုနဲ့ သမိုင်း မော်ကွန်းသစ် ရေးထိုးပြီးတော့ နိုင်ငံအလိုက်မှာ ဒုတိယအဆင့်ရရှိခဲ့တာကိုလည်း ဒါမြန်မာနိုင်ငံသား တစ်ဦးအနေနဲ့ အင်မတန်မှ ဂုဏ်ယူဝမ်းမြောက်ပါတယ်ဆိုတာကို ဦးစွာတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအားကစားပြိုင်ပွဲကြီးမျိုးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့တဲ့ အတွက်ကြောင့်မိုလို့ မြန်မာနိုင်ငံအကြောင်းကို ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံတွေက ပိုမိုသိရှိခဲ့တယ်။ ကမ္ဘာလှည့် ခရီးသွားလာရေးလုပ်ငန်း (Hotel and tourism) လုပ်ငန်းတွေ၊ နောက်တခြားစီးပွားရေး လုပ်ငန်းတွေအတွက်ပါ အကျိုးဖြစ်ထွန်းမှုတွေ ရှိခဲ့တဲ့အတွက်လည်း ဒါဟာနိုင်ငံ့အတွက် အကျိုးအမြတ် ဖြစ်ထွန်းတဲ့ ပြိုင်ပွဲကြီးဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့ဂုဏ်ကို ဆောင်နိုင်သလို ကိုယ့်နိုင်ငံအတွက်လည်း အကျိုးဖြစ်ထွန်းတယ် ဆိုတာကို တင်ပြလိုပါတယ်။ ဒါပေမဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီးတော့ ဈေးကွက်စီးပွားရေးစနစ်ကို အခုမှ ပီပီပြင်ပြင် စပြီးတော့ ဆောင်ရွက်လာရတဲ့ မြန်မာနိုင်ငံဟာ အားကစားပွဲတော်ကြီးရဲ့ ကုန်ကျစရိတ်တွေဟာ ဝန်ထုပ်ဝန်ပိုးတွေများဖြစ်မလားဆိုတာ ပြည်သူတွေက များစွာ စိုးရိမ်ပူပန်ကြောင့်ကြမှုတွေ ရှိနေပါတယ်။ ဒီနေရာမှာ နှစ်ပိုင်းခွဲပြီး တင်ပြလိုတာကတော့ အားကစားကွင်းတွေ၊ အားကစားရုံတွေ တည်ဆောက်ခဲ့တာဟာ ဒါတွေဟာ နောက်ဆက်ပြီးတော့ ဆက်လက် သုံးစွဲသွားလို့ရပါတယ်။ ဒီအားကစားကွင်းတွေ၊ အားကစားရုံတွေ မြန်မာနိုင်ငံရဲ့ အားကစား အဆင့်အတန်း မြင့်မားတိုးတက်ဖို့အတွက် အားကစားဝန်ကြီးဌာနကလည်း အားကစားတက္ကသိုလ်တွေ ဒီနေရာတွေမှာ ထူထောင်ဖို့ ဆောင်ရွက်နေတဲ့ အစီအမံတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ဒါကတော့ ရေရှည်တည်တံ့တဲ့ အပိုင်းဖြစ်ပါတယ်။ အဓိက မေးမြန်းလိုတာက ဖွင့်ပွဲ၊ ပိတ်ပွဲ ကုန်ကျစရိတ်တွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မကြာသေးခင် အချိန်ကပဲ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆောင်းရာသီအိုလံပစ်မှာ

ဒီကုန်ကျစရိတ်တွေ အင်မတန်များပြားစွာ သုံးစွဲခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီဟာက အသုံးလား၊ အဖြုန်းလား ဆိုတာကို ဝေဖန်နေကြတာတွေလည်း ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်ချက်တွေ အများကြီး ရှိနေသေးတာကို ကျွန်တော်တို့ အမှန်အတိုင်းပဲ တင်ပြရမှာဖြစ်ပါတယ်။ ခုနက ကိုယ်စားလှယ်ကြီးများ တင်ပြသွားသလိုပဲ ကျွန်တော်တို့ တိုင်းပြည်အဝှမ်းမှာ ကျေးလက်လမ်းတွေ၊ တံတားတွေ၊ ခုနကလို ရေကာတာအငယ်စားလေးတွေ အများကြီးလိုနေပါသေးတယ်။ ကျွန်တော်တို့ လွှတ်တော်တွေမှာလည်း တစ်ချိန် လုံးတင်ပြနေတဲ့ ကျောင်း၊ စာသင်ကျောင်းတွေ၊ အင်္ဂါမပြည့်စုံနိုင်သေးတဲ့ စာသင်ကျောင်းတွေ၊ နောက်ဆေးရုံဆိုတာထက်ကို RHC လို့ခေါ်တဲ့ ဒီကျေးလက်ကျန်းမာရေးဌာနခွဲတွေကိုတောင် ဒါ နိုင်ငံတော်ဘတ်ဂျက်ကနေပြီးတော့ အမြဲတမ်း ဒါကျွန်တော်တို့ ဖြေကြားရင် ကြားနေရတာက နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေကနေပြီးတော့ ရရှိမှုအနေအထားအပေါ်မှာ တည်မှီပြီးတော့ ဆောင်ရွက်ပေးပါ့မယ် ဆိုတာဒါအမြဲတမ်း ကျွန်တော်တို့ ကြားနေရတာဖြစ်ပါတယ်။ နောက်တစ်ခါ မြို့ပြကို ကျေးလက်က လူတွေရွှေ့ပြောင်းပြီးတော့ တက်လာတယ်။ အိမ်မဲ့ယာမဲ့ဘဝနဲ့ နေရတယ်။ ဒီလိုလူမျိုးတွေအတွက်လည်း အိမ်မြေယာကွက်တွေ ဖော်ထုတ်ပေးဖို့ နောက် ပြည်သူတွေဟာ လျှပ်စစ်ဓာတ်အားကို ပြည့်ပြည့်ဝဝသုံးစွဲချင်ပါတယ်။ စရိတ်သက်သက်သာသာနဲ့ သုံးစွဲချင်ပါတယ်။ ဒီလိုအနေအထားတွေ အများကြီးရှိနေတဲ့အခါမှာ ဖွင့်ပွဲ၊ ပိတ်ပွဲ ကုန်ကျစရိတ်တွေဟာ တိုင်းပြည်ရဲ့ ဘဏ္ဍာရန်ပုံငွေ ဘယ်လောက်အထိသုံးစွဲပြီးတော့ ဆောင်ရွက်ခဲ့တာလဲ။ ဒီဟာတွေကို ပြည်သူတွေက လက်ရှိအနေ အထားတွေအပေါ်မှာတည်မှီပြီးတော့ သုံးသပ်နိုင်ဖို့အတွက် ဒီအချက်အလက်တွေကို တိကျစွာ ထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိဆိုတဲ့မေးခွန်းလေးကို တင်ပြမေးမြန်းခြင်းဖြစ်ပါတယ်။ မေးခွန်း(၅)ခု ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ (၁)ကတော့ အားကစားပြိုင်ပွဲတစ်ရပ်လုံးရဲ့ ကုန်ကျစရိတ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပရေးကုန်ကျစရိတ်များကို နိုင်ငံခြားငွေဘယ်လောက် သုံးစွဲခဲ့တယ်၊ မြန်မာကျပ်ငွေဘယ်လောက်သုံးစွဲခဲ့တယ်ဆိုတာကို သိရှိလိုပါတယ်။ ဒုတိယတစ်ချက်ကတော့ နိုင်ငံခြားတိုင်းပြည်များကနေပြီးတော့ကူညီထောက်ပံ့တဲ့ နည်းပညာပိုင်းဆိုင်ရာ အကူအညီများရဲ့ ငွေကြေးပမာဏ၊ နည်းပညာပိုင်းဆိုင်ရာအကူအညီပေးတယ်ဆိုရင်လည်း အဲဒီအကူအညီတွေရဲ့ ငွေကြေးပမာဏ ဘယ်လောက်ရှိပါသလဲ။ နောက်တစ်ခါ ငွေကြေးသက်သက် ကူညီထောက်ပံ့မှု ဘယ်လောက်ရှိပါသလဲ။ ဒီဟာကိုလည်း သိချင်ပါတယ်။ (၃)အချက်ကတော့ ဒီနိုင်ငံခြားတိုင်းပြည်တွေက ကူညီပံ့ပိုးတယ်ဆိုတာဟာ ချေးငွေသဘောမျိုးဟုတ်ပါသလား။ အကယ်၍ ချေးငွေသဘောမျိုး ဟုတ်ခဲ့တယ်ဆိုရင် ပြန်ဆပ်ရမယ့်ကာလနဲ့ အတိုးရာခိုင်နှုန်းကိုလည်း သိရှိလိုပါတယ်။ (၄)အချက်ကတော့ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေထဲက နေပြီးတော့ကျခံသုံးစွဲခဲ့ရတဲ့ ပမာဏဖြစ်ပါတယ်။ (၅)နဲ့ နောက်ဆုံးအချက်ကတော့ အားကစားပြိုင်ပွဲ တစ်ခုလုံးကျင်းပခဲ့ရတဲ့ ပြိုင်ပွဲကျင်းပရေး ကုန်ကျစရိတ်တွေဟာ နိုင်ငံ့ရဲ့ GDP အချိုးရဲ့ ရာခိုင်နှုန်း ဘယ်လောက်ရှိပါသလဲ။ နောက်တစ်ပိုင်းကတော့ ဖွင့်ပွဲ၊ ပိတ်ပွဲအတွက်ပဲ သီးသန့်သုံးစွဲခဲ့ရတဲ့ ကုန်ကျ စရိတ်တွေကရောနိုင်ငံ့ GDP အချိုးရဲ့ ရာခိုင်နှုန်း ဘယ်လောက်ရှိပါသလဲဆိုတာကို ပြည်သူအများက အင်မတန်မှ ဒီဟာကိုသိချင်နေတဲ့အတွက်ကြောင့်မို့လို့ ပြည်သူအများရဲ့ကိုယ်စား၊ အများပြည်သူများရဲ့ ဆန္ဒအတိုင်း အပြုသဘော လေးစားစွာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ရှိပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးသောင်းထိုက် (ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းဖြင့် ပြည့်စုံကြပါစေလို့ ကျွန်တော်မှ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မှ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သော (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစား ပြိုင်ပွဲကြီး၏ ကုန်ကျစရိတ်များကို တိကျစွာထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်လို့ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးသောင်းထိုက် မှ ရှင်းလင်းဖြေကြား ဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်နဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ငွေဆောင် ဇုန်(၄)ဇုန်မှာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့ကနေ ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ အားကစားနည်း (၃၃)နည်းနဲ့ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာအားကစား အဖွဲ့အနေနဲ့လည်း ရွှေတံဆိပ်(၈၆)ခု၊ ငွေတံဆိပ်(၆၂)ခု၊ ကြေးတံဆိပ်(၈၅)ခု စုစုပေါင်း ဆုတံဆိပ် (၂၃၃)ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်မှာလည်း ဒုတိယအဆင့် ရရှိခဲ့ပါတယ်။ အားကစား အောင်မြင်မှုဖြင့် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားအပါအဝင် ပြိုင်ပွဲကြီး တစ်ခုလုံးရဲ့ စုစုပေါင်းကုန်ကျစရိတ်မှာ ကျပ် (၃၃.၉၅၈)ဘီလီယံ အမေရိကန်ဒေါ်လာ (၁၁.၉၅၅)သန်း၊ ကနေဒါဒေါ်လာ (၄၆၀၀.၀၃)နှင့် စင်ကာပူဒေါ်လာ (၇၀၀၀၀) ဖြစ်ပါတယ်။ ဒီငွေများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခဲ့ခြင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အားကစားနည်း (၁၁)မျိုးအတွက် လေ့ကျင့်ရေးသုံး ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ အားကစားနည်းပြဆရာ (၂၆)ဦးကို မြန်မာနိုင်ငံကို တစ်နှစ်ကြာ စေလွှတ်ပေးပြီး မြန်မာအားကစားသမားများကို လေ့ကျင့်ပေးခြင်း မြန်မာအားကစားသမား (၁၇၆)ဦးကို တရုတ်နိုင်ငံသို့ (၃)လ စေလွှတ်လေ့ကျင့်ရေး အတွက် စုစုပေါင်း အမေရိကန် ဒေါ်လာ (၈.၉)သန်းနဲ့ ညီမျှသော တရုတ်ယွမ်ငွေ (၅၃.၄)သန်း ပြိုင်ပွဲစီမံခန့်ခွဲမှုစနစ် Game Management System နည်းပညာများအတွက် အမေရိကန်ဒေါ်လာ (၆.၄၇၈)သန်းနဲ့ ညီမျှသော တရုတ် ယွမ်ငွေ (၃၈.၈၇)သန်းနဲ့ ပြိုင်ပွဲသုံး အားကစားနည်း (၁၄)မျိုးအတွက် အထောက်အကူပြု ပစ္စည်းများအနေနဲ့ အမေရိကန် ဒေါ်လာ(၂.၆၈)သန်း နဲ့ညီမျှသော ယွမ်ငွေ (၁၇.၁၆)သန်း စုစုပေါင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံမှထောက်ပံ့ကူညီမှုများမှာ အမေရိကန်ဒေါ်လာ (၁၈.၂၃၈)သန်းနဲ့ညီမျှသော ယွမ်ငွေ (၁၀၉.၄၃)သန်းကို လက်ခံရရှိသုံးစွဲခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် အားကစားပြိုင်ပွဲကြီးရဲ့ ဖွင့်ပွဲပိတ်ပွဲအခမ်းအနားကို နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးအတွက်

၂၀၁၃ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ဖွင့်ပွဲပိတ်ပွဲ ကျင်းပရေး ကော်မတီကို နည်းပညာပိုင်းနဲ့ လိုအပ်သော ပစ္စည်းများ အမေရိကန်ဒေါ်လာ (၁၇)သန်းနဲ့ညီမျှသော ယွမ်ငွေ(၁၀၂)သန်းကိုလည်း ကူညီပေးခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းကူညီမှုများအားလုံးဟာ ချေးငွေသဘော မဟုတ်ပါ။ နှစ်နိုင်ငံ အကြီးအကဲများရဲ့ ညှိနှိုင်းဆွေးနွေးမှုအရ ကူညီထောက်ပံ့မှု သက်သက်သာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အားကစားပြိုင်ပွဲကြီးတစ်ခုလုံးအတွက် တင်ပြပါ အသုံးစရိတ်များကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်များအတွင်းမှာ သုံးစွဲခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်းမှာ ကျပ် (၃.၅၈၄)ဘီလီယံ ဖြစ်ပြီး နိုင်ငံတော် GDP အချိုးရဲ့ (၀.၀၀၆၉)ရာခိုင်နှုန်း ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျပ်(၃၀.၃၇၄)ဘီလီယံ အမေရိကန်ဒေါ်လာ (၁၁.၉၅၅)သန်း၊ ကနေဒါဒေါ်လာ(၄၆၀၀.၀၃)နှင့် စင်ကာပူဒေါ်လာ (၇၀၀၀၀)သုံးစွဲခဲ့ပါတယ်။ ၎င်းငွေများဟာ နိုင်ငံ့ GDP အချိုးရဲ့ (၀.၀၇၁၃)ရာခိုင်နှုန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အလားတူ အားကစားပြိုင်ပွဲကြီးရဲ့ ဖွင့်ပွဲပိတ်ပွဲ ကုန်ကျစရိတ်သည် တရုတ်နိုင်ငံ၏ ထောက်ပံ့ကူညီမှု တန်ဖိုးမပါ ကျပ် (၁၀.၁၅၇)ဘီလီယံနှင့် အမေရိကန်ဒေါ်လာ (၃.၄)သန်း ဖြစ်ပါတယ်။ နိုင်ငံ GDP အချိုးရဲ့ (၀.၀၂၂၇) ရာခိုင်နှုန်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အမေရိကန်ဒေါ်လာ(၃.၄)သန်းနဲ့ လိုအပ်တဲ့ (၁၂၅၀) KVA မီးစက်(၆)လုံး (၁၀၀၀) KVA မီးစက်(၂)လုံး စုစုပေါင်း မီးစက်ကြီး(၆)လုံး ဝယ်ယူခဲ့ပါတယ်။ ၎င်းမီးစက်များကိုလည်း ပြိုင်ပွဲကြီးအပြီးမှာ ဝဏ္ဏသိဒ္ဓိ Sports Complex အတွက် မီးစက်ကြီး (၃)လုံးနဲ့ ကျန်(၅)လုံးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစီအစဉ်ဖြင့် ဆက်လက်သုံးစွဲရန် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် ပန်ကြားတင်ပြလိုပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံက အကူအညီတွေပေးခဲ့တယ်ဆိုတာလည်း သိရှိရပါတယ်။ နောက် တခြားနိုင်ငံတွေကရော ပေးအပ်ခဲ့တဲ့ အကူအညီတွေ ရှိပါသလား။ ကျွန်တော်တို့ သိရှိထားတာကတော့ ရိုက်ကူးရေး အစီအစဉ်တွေ ဘာတွေမှာ ဂျာမနီနိုင်ငံက ပံ့ပိုးမှုတွေ ရှိတယ်လို့လည်း ကြားသိရတာတွေ ရှိပါတယ်။ အဲဒီတော့ တခြားနိုင်ငံတွေက ပံ့ပိုးကူညီမှုတွေ ရှိခဲ့ရင်လည်း ရှိခဲ့တဲ့ စာရင်းဇယားလေးတွေကို သိရှိလိုပါတယ်ခင်ဗျား။ လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။

**ဦးသောင်းထိုက်(ဒုတိယဝန်ကြီး၊ အားကစားဝန်ကြီးဌာန)။** ။ ကျွန်တော်တို့ အားကစားပြိုင်ပွဲကြီးရဲ့ ပြင်ဆင်ရေး လေ့ကျင့်ရေး၊ အားကစားပစ္စည်း အထောက်အကူပေးရေး၊ နောက် တရုတ်နည်းပြများ စေလွှတ်ပေးရေး နောက်တစ်ခါ ဖွင့်ပွဲပိတ်ပွဲ အခမ်းအနားအတွက် အသုံးပြုဖို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ကျွန်တော်တို့ ကူညီမှုများ ပြုလုပ်ခဲ့ပါတယ်။ အခြားသော နိုင်ငံများအနေနဲ့ကတော့ ကျွန်တော်တို့ရဲ့ အာကစားဝန်ကြီးဌာန မြန်မာနိုင်ငံအိုလံပစ်ကော်မတီ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှကျင်းပရေးဦးစီး ကော်မတီကို တိုက်ရိုက် လှူဒါန်းပေးကမ်းခြင်းများ မရှိခဲ့ပါဘူး။ သို့သော်လည်း ခုနက ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးတဲ့ ပြန်ကြားရေးပိုင်းဆိုင်ရာမှာ Grass Valley အစရှိတဲ့ နိုင်ငံတကာကုမ္ပဏီများကနေပြီးတော့ ပြန်ကြားရေးဝန်ကြီးဌာနဘက်ကို ကူညီပံ့ပိုးမှုများကတော့ ဒါကတော့ ကျွန်တော်တို့ ကျင်းပရေးဦးစီးကော်မတီကို တိုက်ရိုက်လှူဒါန်းခြင်း မဟုတ်ဘဲနဲ့

ပြန်ကြားရေးလုပ်ငန်းများအတွက်ကို သူတို့အနေနဲ့ ပါဝင်ပူးပေါင်း ကူညီဆောင်ရွက်သွားခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလိုမျိုး စုပေါင်းကုန်ကျစရိတ်များ အားလုံးကို တင်ပြနိုင်ရေး အတွက်လည်း ကျွန်တော်တို့ အာကစားဝန်ကြီးဌာနအနေနဲ့ ကျင်းပရေး ကော်မတီအသီးသီးမှာ ပါဝင်ခဲ့တဲ့ ဝန်ကြီးဌာနအသီးသီးကို ကျွန်တော်တို့ တရားဝင် မေးခွန်းများနဲ့ မေးမြန်းခဲ့ပါတယ်။ မေးမြန်းတဲ့အခါမှာ ဝန်ကြီးဌာနအသီးသီးက ပြန်ကြားဖြေကြားတဲ့ အချက်အလက်များ အားလုံးကို စုပေါင်းပြီးတော့ ယခု ကျွန်တော်တို့ စုပေါင်းဖြေကြားခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဖြေကြားမှုထဲမှာတော့ ဝန်ကြီးဌာနအသီးသီးကနေပြီးတော့ ရရှိခဲ့တဲ့ သုံးစွဲမှု ပံ့ပိုးကူညီမှုများ အားလုံး ပါဝင်ပြီး ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၅၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာ ယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို နံနက် ၁၀း၅၀ နာရီတွင် ရပ်နားပြီး ၁၁း၀၅ အချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာနိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရွှေ့လျားနိုင်သောပစ္စည်းကိရိယာများနှင့်လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုး စီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဦးအောင်ကြည်ညွှန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို

မင်္ဂလာလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တင်ပြချက် အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ကော်မတီဝင်ဖြစ်တဲ့ ကျွန်တော် မကွေးတိုင်းဒေသကြီး၊ အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့်ကိစ္စရပ်များဆိုင်ရာ
နိုင်ငံတကာအကျိုးစီးပွားများဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ -၁၂၇
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၁၇ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၆-၂-၂၀၁၄ ရက်နေ့တွင် ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများ နှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ၁၄-၃-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းအပေါ် လေ့လာစိစစ်ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်းတွင် အခန်း(၄)ခန်း၊ ပုဒ်မ ၁၂ ခုပါရှိပါသည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၂၊ ပုဒ်မခွဲ(က)နှင့် ဆီလျော်ညီညွတ်မှုရှိစေရန်အတွက် မူလဥပဒေကြမ်း ပုဒ်မ ၁၀ တွင်ပါရှိသော "လူမွဲစာခံခြင်း အက်ဥပဒေ" ဆိုသည့် စကားရပ်ကို " လူမွဲ အဖြစ် ခံယူခြင်းအက်ဥပဒေ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " လူမွဲစာခံယူသည့် အခါတွင်ဖြစ်စေ "ဆိုသည့်စကားရပ်ကို " လူမွဲအဖြစ် ဆုံးဖြတ်ကြေညာ ခြင်းခံရသည့် အခါတွင်ဖြစ်စေ " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)နှင့် ညီညွတ်မှုရှိစေရန်အတွက် မူလ ဥပဒေကြမ်း ပုဒ်မ ၁၂ ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည် -

" ၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကြီးကြပ်ရေးအာဏာပိုင် အဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။ ”

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာသီးသန့် ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) မှ ဦးညွန့်တင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၆။**

**ဦးညွန့်တင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အင်္ဂလိပ်စာသား အသုံးအနှုန်း အနည်းငယ်ပါရှိခြင်းကို ခွင့်ပြုပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ အပြုသဘော ပြုပြင်ပြောင်းလဲမှုတွေ၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေကြောင့် ကမ္ဘာလှည့်ခရီးသည်တွေဟာဆိုလို့ရှိရင် တစ်နှစ်ထက် တစ်နှစ် အထူး တိုးတက်များပြားလာတာကို တွေ့မြင်နေရပါတယ်။ ပြီးခဲ့တဲ့နှစ်က ကမ္ဘာလှည့်ခရီးသည် (၂)သန်းခန့် ဝင်ရောက်ခဲ့တယ်လို့ သိရပါတယ်။ နောက်နှစ်မှာ (၃)သန်းခန့် ဝင်ရောက်ဖို့ မျှော်မှန်းထား ပါတယ်။ ကမ္ဘာလှည့်ခရီးသည်အများစုကလည်း လေကြောင်းခရီးနဲ့ လာတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လေကြောင်းနဲ့ပတ်သက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်ဖို့၊ နောက် လေယာဉ်တွေ

စိတ်ချရဖို့၊ နောက် ခရီးသွားပြည်သူတွေ သက်တောင့်သက်သာနဲ့ အခကြေးငွေတွေနဲ့ စီးနိုင်ဖို့ အဲဒီအချက် (၃)ချက်ကတော့ အင်မတန် အရေးကြီးနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၂၉-၉-၂၀၁၁ မှာ ကျွန်တော့်အနေနဲ့ ဒီလေကြောင်းကဏ္ဍတိုးတက်ရေးအတွက် ကျွန်တော် အဆိုတင်သွင်းခဲ့ပါတယ်။ မြန်မာ့လေကြောင်းအနေနဲ့ နိုင်ငံတော်ရဲ့ Flag Carrier အဖြစ် ဦးဆောင်ပြီးတော့ ကျွန်တော်တို့ လေကြောင်းတိုးတက်ရေးကို ဆောင်ရွက်ပေးပါလို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အခါမှာ အဲဒီတုန်းက ဝန်ကြီးကပဲ သူတို့လုပ်ဖို့ အစီအစဉ် ရှိပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ ကတိကဝတ်ရခဲ့ပါတယ်။ အဲဒီကတိကဝတ်အတိုင်းပဲ အခုလည်း ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ အဲဒီလိုဆောင်ရွက်မှုတွေထဲမှာ ဒီ Cape Town Convention လို့ခေါ်တဲ့ ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်း သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွား ဥပဒေကြမ်းဟာလည်း အပါအဝင် တစ်ခု ဖြစ်ပါတယ်။ ဒီ Cape Town Convention က ကျယ်ပြန့်ပါတယ်။ သူက ရွေ့လျားနိုင်တဲ့ ပစ္စည်းတွေဆိုတော့ လေယာဉ်တင်မကဘူး။ သင်္ဘောတို့၊ မီးရထားတို့ စသည်တို့ပါတယ်။ ဒါကြောင့်မို့လို့လည်း သူက သီးသန့် ဒီမှာရေးထားတာက လေယာဉ်ပစ္စည်း ကိရိယာသီးသန့် Aircraft Protocol အဲဒါကို ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးဌာနက တင်သွင်းခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ Aircraft Protocol ပဲ အဓိက ဆွေးနွေးရမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ အခုနက ဥပဒေကြမ်းပူးပေါင်းကော်မတီကလည်း တင်ပြသွားတဲ့ အချက်တွေ ကျွန်တော်တို့ ပြင်ဆင်သွားတာလည်း တွေ့တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို လေကြောင်းကဏ္ဍကြီး တစ်ရပ်လုံး တိုးတက်ဖို့အတွက်ကို ကျွန်တော့်အနေနဲ့ကတော့ တစိုက်မတ်မတ် တင်သွင်းထောက်ပြခဲ့ပါတယ်။ ဆဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေးမှာလည်း ကျွန်တော်တို့ Navigational Aids နဲ့ပတ်သက်ပြီးတော့ လေယာဉ်ကွင်းတွေမှာ ပြည့်ပြည့်စုံစုံရှိဖို့ Air Bagan Accident ဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော် တင်ပြခဲ့ပါတယ်။ အဲဒါကိုလည်း ပို့ဆောင်ရေးဝန်ကြီးဌာနက ဖြည့်ဆည်းဆောင်ရွက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

အထူးသဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဆောင်ပြီးတော့ ဒီဝန်ကြီးလက်ထက်မှာ ကျွန်တော်တို့ လေကြောင်းကဏ္ဍဟာ ဥက္ကဋ္ဌကြီးခင်ဗျား၊ အလွန်တိုးတက်လာတာ တွေ့ရပါတယ်။ အရင်တုန်းက မြန်မာ့လေကြောင်းလိုင်း (၃၊ ၄) လိုင်း ရှိရာကနေပြီးတော့ (၇)လိုင်းလောက် ဖြစ်လာတယ်။ နိုင်ငံခြားလေကြောင်းလိုင်းတွေကလည်း (၂၂)လိုင်းလောက် မြန်မာနိုင်ငံမှာ ဆင်းနေတယ်။ အဲဒီလို တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့က ဘာအရေးကြီးလာသလဲဆိုတော့ လေယာဉ်တွေကောင်းဖို့၊ နောက်တစ်ခါ လေယာဉ်တွေရဲ့ လုံခြုံမှု (Safety) အရေးကြီးပါတယ်ခင်ဗျား။ နောက်တစ်ခါ ခရီးသည်တွေလည်း ခုနကစရိတ်စခ သက်တောင့်သက်သာနဲ့စီးနိုင်ဖို့ ဒီအချက်(၃)ချက် အင်မတန် အရေးကြီးပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးဌာနက တင်လာတဲ့ Cape town convention နဲ့ Air craft Protocol ဟာဆိုရင် အင်မတန်မှ အချိန်အခါနဲ့ လိုက်လျောညီထွေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ထောက်ခံရခြင်း ဖြစ်ပါတယ်။ Cape Town Convention ဆိုတာကတော့ Cape town Convention is the International Agreements that striver to provide a much

clearer structure for the International Aviation Finance လို့ သူက အဓိပ္ပာယ် ဖွင့်ထားပါတယ်။ အဓိပ္ပာယ်ကတော့ ကျွန်တော်တို့ နိုင်ငံတွေက လေယာဉ်ပျံဝယ်တဲ့အခါမှာ ဒီခေတ်က လေယာဉ်ပျံတွေက သိပ်စျေးကြီးပါတယ်။ ဘိုးရင်း တို့၊ Air Bus တို့က အမေရိကန် ဒေါ်လာ သန်း (၄၀)၊ (၅၀)၊ (၆၀) ဒီလောက်ပေးရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံတွေက အများအားဖြင့် mortgage နဲ့ ဝယ်ရပါတယ်။ အကြွေးစနစ်ပေါ့။ အကြွေးစနစ်နဲ့ ဝယ်ရတယ်။ နှစ်ရှည် အချေး၊ အငှားတွေနဲ့ ဝယ်ရတယ်။ အဲဒီလို နှစ်ရှည် အချေး၊ အငှားတွေ၊ အကြွေးစနစ်တွေနဲ့ ဝယ်ရတဲ့အခါမှာ အဓိက အရေးကြီးတာက လေယာဉ်ပျံကို ကျွန်တော်တို့ကို ရောင်းလိုက်တဲ့ တိုင်းပြည် ကုမ္ပဏီတွေက ကျွန်တော်တို့ စိတ်ချရဖို့ လိုပါတယ်။ ထို့အတူပဲ၊ ကျွန်တော်တို့ နိုင်ငံတွေကလည်း စျေးသက်သက်သာသာနဲ့ ရဖို့လိုပါတယ်။ အဲဒီနှစ်ခုကို ပေါင်းစပ်ပြီးတော့ ဒီပြုလုပ်ထားတဲ့ Covention ကတော့ Cape Town Convention ပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ Cape Town Convention ဟာ ဆိုလို့ရှိရင် အမှတ်တမဲ့နဲ့ ကြည့်ရင်တော့ ခုနက အကြွေးရှင်တွေက အကြွေးကို တောင်းလို့ရအောင် လုပ်ထားတယ်လို့ မြင်တဲ့အပိုင်းက ရှိပါတယ်။ ဒါပေမဲ့ တကယ်တော့ နှစ်ဦးနှစ်ဖက် အကျိုးရှိပါတယ်ခင်ဗျား။ ခုနကလို ဘိုးရင်း ဆိုပါတော့၊ ဘိုးရင်း လေယာဉ်ပျံကို ကျွန်တော်တို့က (၁၀)စီးဝယ်မယ်ဆိုရင် နည်းတဲ့ တန်ဘိုး မဟုတ်ဘူး။ အဲဒါကို ကုမ္ပဏီက ဒီအတိုင်း တိုင်းပြည်ကို ပေးလိုက်ရတယ်။ ကျွန်တော်တို့ လေယာဉ်ကုမ္ပဏီကို၊ အဲဒီတော့ ပေးတဲ့အခါမှာ သူ့မှာ RISK တွေ အများကြီးရှိတယ်။ ဒီ Cape Town Convention ကို ထိုးမထားရင် အဲဒီ RISK တွေနဲ့ သူက စျေးတင်လိုက်ရော။ ဒီလေယာဉ်ပျံကို အမေရိကန်ဒေါ်လာ သန်း(၄၀)ကျမှာကို သူက (၄၅)သန်း တင်လိုက်မယ်။ ဘာလို့လဲဆို ကျွန်တော်တို့နိုင်ငံက ဒီ Cape Town Convention Aircraft Protocol ကို ထိုးမထားတဲ့အတွက်ကြောင့်ဆိုတော့ risk factor ပေါ့၊ risk ရှိတယ်ဆိုပြီးတော့ သတ်မှတ်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီ covention ကို ထိုးထားခြင်းအားဖြင့် ခုနက (၅၀)သန်းလျော့ သွားမယ်။ (၄၀)သန်းတန်ကို (၄၀)သန်း နဲ့ပဲရမယ်။ နောက်တစ်ခါ လေယာဉ်ကို ကောင်းကောင်းပေးမယ်။ ကျွန်တော်တို့က ဒီ Cape Town Convention ကို ထိုးမထားရင် လေယာဉ် နည်းနည်း နှစ်ချို့တဲ့၊ သို့မဟုတ်ရင်လည်း နှစ်တော်တော် မောင်းထားပြီးသား လေယာဉ်ပျံကို ပေးမယ်။

ဒါပေမဲ့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ဒီ convention ကို ထိုးထားရင်တော့ ပိုပြီးတော့ သစ်လွင်တဲ့ လေယာဉ်ပျံတွေ ရမယ်။ အဲဒီတော့ ဘာသွားအကျိုးရှိသလဲဆိုတော့ Safety၊ ကျွန်တော်ခဏခဏ ပြောနေတဲ့ Safety က အလွန်အရေးကြီးပါတယ်။ ဒါကတော့ ခုလတ်တလောမှာဖြစ်နေတဲ့ မလေးရှား Air Line ကိစ္စကိုကြည့်ရင် တွေ့နေရတာပဲ။ Safety ဟာ ဘယ်လောက်အရေးကြီးသလဲဆိုတာကို၊ ဒါ လေယာဉ်ပျံ safety၊ ground safety၊ air safety နောက်တစ်ခါ passport check လုပ်တဲ့ သူက အစပေါ့လေ၊ Safety ဒါကြောင့်မို့လို့ လေယာဉ်ပျံ ကောင်းကောင်းရရင် ကျွန်တော်တို့က ပိုပြီးတော့ Safe ဖြစ်ပါတယ်။ လေယာဉ်ပျံအပိုင်းကို ကြည့်ရင်၊ အဲဒီတော့ ကျွန်တော်တို့ ဒီဝယ်တဲ့သူ အနေနဲ့လည်း လေယာဉ်ပျံကောင်းကောင်း ရတဲ့အတွက်ကြောင့် Safe ဖြစ်တယ်။ Safety ဖြစ်တဲ့အတွက်ကြောင့် Accident မဖြစ်ဘူး။ Accident မဖြစ်ရင် ကျွန်တော်တို့ လေကြောင်းလိုင်းက နာမည်ကောင်းမယ်။ Passenger တွေ စီးမယ်။ တစ်ခုခုဖြစ်လိုက်တယ် ဆိုရင်တော့ မလေးရှား လေကြောင်းလိုင်းပဲကြည့်၊ အခု သူတို့ကောင်တာတွေမှာ လူကိုအများကြီး နည်းသွားတာတွေ တွေ့ရတယ်။

ဒါကြောင့်မို့လို့ Safety ဟာ အများကြီးအရေးကြီးတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ အဲဒီ ၂၀၁၁ ခုနှစ်ကတည်းက ကျွန်တော် ဒီဥစ္စာကို တင်ခဲ့တာဖြစ်ပါတယ်။ ဒီအဆိုကိုတင်ခဲ့တာ ဖြစ်ပါတယ်။ နောက် Cape town convention မတိုင်ခင်ကတော့ ချီကာဂို Covention ဆိုတာရှိတယ်။ သူကတော့ ရိုးရိုးလေယာဉ်ပျံတွေကို ဥက္ကဋ္ဌကြီးခင်ဗျား၊ Registor လုပ်ထားတာပဲ။ ဆိုတော့ Cape town ကတော့ ပိုပြီးတော့ Financingနဲ့ ပတ်သက်ပြီးတော့ အလေးထားတာကို တွေ့ရပါတယ်။

အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီလေကြောင်း တိုးတက်ဖို့အတွက်ကို နောက်တစ်ခါ ကျွန်တော်တို့ ဒီလေယာဉ်ပျံတွေ စိတ်ချရဖို့၊ ခရီးသည်တွေ သက်တောင့် သက်သာ စီးရဖို့အတွက်ဆိုရင် ဒီ Cape town convention ကို ကျွန်တော်တို့ Protocol ကို Air craft Protocol ကို လက်မှတ်ရေးထိုးဖို့က အင်မတန်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ Cape town convention စတုန်းက ကျွန်တော်တို့ သူက ဘယ်အချိန်မှာ အသက်ဝင်လာ သလဲဆိုတော့ 1st March 2006 မှာ Cape town Covention ဟာ အသက်ဝင်လာပါတယ်။ အဲဒီအချိန်မှာ စစချင်း (၈)နိုင်ငံပဲ လက်မှတ်ထိုး စခဲ့ပါတယ်။ USA၊ မလေးရှား၊ အိုင်ယာလန်၊ အိုမန်၊ ပါကစ္စတန်၊ အီသီယိုးပီးယား၊ နိုင်ဂျီးရီးယားနဲ့ ပနားမား အဲဒီနိုင်ငံတွေက ဦးစွာ လက်မှတ်ထိုးတဲ့ နိုင်ငံတွေ ဖြစ်ပါတယ်။ ဒီမှာကြည့်လို့ရှိရင် USA လို လေယာဉ်ပျံရောင်းတဲ့ နိုင်ငံတွေ ပါသလိုပဲ မလေးရှားလို၊ ပါကစ္စတန်လို လေယာဉ်ပျံဝယ်တဲ့ နိုင်ငံတွေလည်း ပါပါတယ်။

နောက်ပိုင်းမှာတော့ နိုင်ငံတွေ အများကြီး လက်မှတ်ထိုးကြပါတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံတွေ အများကြီး လက်မှတ်ထိုးတဲ့ ဒီ Convention မျိုးကို ကျွန်တော်တို့နိုင်ငံက အခုလို ဝင်ရောက်ပြီးတော့ ဆောင်ရွက်တဲ့အတွက်ကြောင့် ဒါဟာ အင်မတန်မှ အချိန်အခါနဲ့ သင့်လျော်ပါတယ် ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ပါတယ်။ နိုင်ငံအတွက် သတင်းကောင်းကြားရတာကတော့ ပို့ဆောင်ရေးဝန်ကြီး စင်ကာပူမှာ Air show သွားတက်ရင်းနဲ့ ကျွန်တော်တို့ (ဘိုးရင်း) လေယာဉ် (၁၀)စီး၊ ဒါကျွန်တော်တို့ ကြားတဲ့သတင်းပါ။ အဲဒီမှာ ကျွန်တော်တို့ ငှားရမ်း/ဝယ်ယူဖို့ Mortgage System ပဲ ဖြစ်မှာပေါ့လေ၊ ကျွန်တော်ပြော သလိုပေါ့။ အဲဒီအတွက်ကို ဆောင်ရွက်ခဲ့တယ်လို့ ပြောတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ အင်မတန် ဝမ်းသာပါတယ်။ ကျွန်တော်တို့ရဲ့ မြန်မာ့လေကြောင်းဟာ အနည်းဆုံးတော့ Region မှာ မြန်မာ အလံလွှင့်ပြီးတော့ Flag Carrier ပေါ့လေ၊ မြန်မာအလံကိုလွှင့်ပြီးတော့ ငွါးငွါးစွင့်စွင့် ကျွန်တော် တို့ ဂုဏ်ယူစွာနဲ့ ပျံသန်းနေတာကို ကျွန်တော်တို့ ဆက်ပြီးတော့ တွေ့ရမှာပါ။

နောက်တစ်ခုကတော့ ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော်တို့ရဲ့ နိုင်ငံတော်အကြီးအကဲတွေ ခရီးသွားတဲ့အခါမှာ ဒီလိုလေယာဉ် ကောင်းကောင်းတွေ၊ လေကြောင်းလိုင်း တောင့်တင်းတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အင်မတန်မှ ဂုဏ်ရှိပါတယ်။ နို့မို့ဆိုရင်တော့ ဒီ့အပြင် လေကြောင်း လိုင်းနဲ့ သွားရတဲ့အခါမှာ Transit တွေ ဝင်ရတယ်။ အဲဒီမှာ သူတို့နိုင်ငံရဲ့ လေဆိပ်တွေမှာ သူတို့ရဲ့ ဥပဒေတွေနဲ့ဆိုရင် ရှုပ်ယှက်ခတ်နေတယ်။ ကိုယ့်လေယာဉ်ပျံနဲ့ကိုယ် လေယာဉ်ပျံ အလံထောင်ပြီးတော့ ကျွန်တော်တို့ နိုင်ငံတော်အကြီးအကဲတွေက ဒီအပြင်နိုင်ငံတွေကို သွားပြီးတော့ ကျွန်တော်တို့ ချစ်ကြည်ရေးခရီးစဉ် သွားတဲ့အခါမှာ ကိုယ့်လေယာဉ်ပျံနဲ့ Flag Carrier နဲ့ သွားတယ်ဆိုရင် အင်မတန်မှ ဂုဏ်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ဒီရွှေ့လျားနိုင်သောပစ္စည်းနဲ့ လေယာဉ်ပျံ ပစ္စည်းကိရိယာများ သီးသန့် Cape town

Convention နဲ့ Aircraft Protocol ကို ကျွန်တော်တို့ လက်မှတ်ထိုးပြီးတော့ အခုလို ဥပဒေအနေနဲ့ ဆောင်ရွက်တဲ့ကိစ္စကို အလေးအနက် ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၉။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျွန်တော် ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘဝနဲ့လည်း ဆက်စပ်မှုမရှိ၊ လုပ်ငန်းနဲ့လည်း နီးစပ်မှုမရှိတဲ့ ဒီဥပဒေကို ထောက်ခံရတဲ့အကြောင်းအရင်းက ကျွန်တော်တို့ ပထမအကြိမ်လွှတ်တော်စတဲ့အချိန်မှာ အားလုံး မှတ်မိတဲ့အတိုင်း ကျွန်တော်တို့ လွှတ်တော်ထဲမှာ အမြဲတမ်းကော်မတီ (၄)ရပ် စဖွဲ့ပါတယ်။ ဥက္ကဋ္ဌကြီးက ကျွန်တော့်ကို PAC မှာ တာဝန်ပေးပါတယ်။ ထိုစဉ်က ဥက္ကဋ္ဌ ဦးအောင်ထွန်း ဖြစ်ပြီးတော့ ဦးသိန်းဝင်း က အတွင်းရေးမှူးဖြစ်ပါတယ်။ လွှတ်တော်အစည်းအဝေးပြီးတဲ့အခါမှာ ပထမအကြိမ် အစည်းအဝေး ပြီးပြီးခြင်းပဲ လွှတ်တော်ကော်မတီ(၄)ရပ်က နှစ်ဖက်လွှတ်တော်က ပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ လွှတ်တော်ရဲ့ ဥက္ကဋ္ဌကြီးက ထိုစဉ်က နာယကဖြစ်တဲ့အတွက်ကြောင့် နာယကကြီး ဦးဆောင်ပြီးတော့ လွှတ်တော် ဥက္ကဋ္ဌနှစ်ယောက် ညှိပြီးတော့ ဒီကော်မတီဝင်တွေရဲ့ Capacity building ဆိုပြီးတော့ အရည်အချင်းမြှင့်တင်ရေး လုပ်ငန်းဆွေးနွေးပွဲတွေ လုပ်ပေးတာရှိပါတယ်။ ကျွန်တော်တို့လည်း ဒါကို ကံအားလျော်စွာ ကျွန်တော် တက်ခဲ့ပါတယ်။ စည်ပင်သာယာမှာပဲ ကျွန်တော်တို့ ပါတီစုံက ကော်မတီဝင်တွေ အကုန်တည်းပြီး တစ်လခန့် ရုံး(၂၀)မှာ ဆွေးနွေးပွဲတွေ လုပ်ပါတယ်။ ပြီးတော့မှ တစ်ခါ ဘာတာဝန်ပေးလည်းဆိုတော့ ပိုပြီးကျွမ်းကျင်အောင် ဆိုပြီးတော့ Assigment ပေးခဲ့တာက ဌာနဆိုင်ရာတွေရဲ့ ကျင့်သုံးနေတဲ့ လက်ရှိတည်ဆဲဥပဒေတွေကို လေ့လာပါ။ သုံးသပ်ပါ။ ပြင်ဆင်သင့်တာ၊ အသစ်ရေးသင့်တာ၊ အတည်ပြုရေးသင့်တာ စသည်ဖြင့် ဒါတွေကို သုံးသပ်တင်ပြပါလို့ တာဝန်ပေးတဲ့ အခါမှာ တော်တော်ခက်ခက်ခဲခဲပါပဲ။ ကျွန်တော်တို့က ဒါတွေစပြီး လုပ်ရတဲ့အတွက်ကြောင့်၊ ဒါပေမဲ့ ကျွန်တော်တို့ အများကြီး မြတ်လိုက်ပါတယ်။ တော်တော်လေး နားလည်သွားလိုက်ပါတယ်။ အဲဒီအခါမှာ PAC က တာဝန်ယူရတဲ့ အထဲမှာ PAC ကို (၃)ယောက်၊ (၃)ယောက်၊ (၃)ယောက် အဖွဲ့လေးတွေ ဖွဲ့လိုက်ပြီးတော့ ကျွန်တော်က အဖွဲ့ခေါင်းဆောင်၊ ဒေါက်တာခင်မောင်လေး နဲ့ ဦးမိုးမြင့် ပါတဲ့ အဖွဲ့ငယ်က ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ သမဝါယမ ဝန်ကြီးဌာနဥပဒေများကို လေ့လာခဲ့ရပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနမှာ ကျွန်တော်မှတ်မိတာ ကတော့ ကျင့်သုံးတဲ့ဥပဒေအားလုံး (၂၂)ခုလား၊ (၂၄)ခုလားတော့ ကောင်းကောင်းမမှတ်မိတော့ဘူး ရှိပါတယ်။ အင်္ဂလိပ်လိုရေးထားတာ (၁၈)ခုပါ ပါတယ်။ အင်္ဂလိပ်လက်ထက်က ဥပဒေတွေတောင် ပါ ပါတယ်။ ကျွန်တော်တို့ အဲဒါတွေလေ့လာတယ်။ လေ့လာပြီးတဲ့နောက် နားမလည်တာတွေကို ဝန်ကြီးဌာနကို အကူအညီ တောင်းပြီးတော့ ဝန်ကြီးဌာနရုံးခန်းကြီးမှာပဲ ဒီဝန်ကြီးဌာန လက်အောက်ခံ စီးပွားရေး အဖွဲ့အစည်း များနဲ့ ဦးစီးဌာနများ ရုံးအဖွဲ့မှူးအပါအဝင် အစည်းအဝေးတွေ

လုပ်ပါတယ်။ လုပ်တဲ့အခါမှာ သေသေချာချာအပြန်အလှန် မေးမြန်းခြင်းအားဖြင့် နားလည်သွားပြီးတော့ ကျွန်တော်တို့တွေ့တဲ့ဟာတွေ အားလုံးကို ဒုတိယပုံမှန်းအစည်းအဝေးမှာ ကျွန်တော်တို့ တင်ပြခဲ့ပါတယ်။ ဝန်ကြီးကိုယ်တိုင်ပဲ လာရောက်၊ တက်ရောက် နားထောင်ပေးပြီးတဲ့နောက် ပြန်ဖြေသွားခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက ကျွန်တော်မြန်မာနိုင်ငံဟာ IMO လို့ခေါ်တဲ့ International Maritine of Organization အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ဝင်လည်း ဖြစ်တယ်။ ICAO လို့ခေါ်တဲ့ International Civil Aviation Organization အဖွဲ့ဝင်လည်း ဖြစ်တယ်။ ဒါကြောင့် အဲဒီအဖွဲ့ဝင်ဖြစ်တဲ့ အားလျော်စွာ မချုပ်ရသေးတဲ့ စာချုပ်တွေ ချုပ်ဖို့သင့်တယ်။ အဲဒီတုန်းက Cape Town Convention/ Protocol မချုပ်ရသေးပါဘူး။ ချုပ်ဖို့သင့်တယ်။ ချုပ်ပြီးတဲ့ စာချုပ်တွေမှာလည်း သူတို့နဲ့ လိုက်လျောညီထွေရှိတဲ့ အမျိုးသားဥပဒေလို့ခေါ်တဲ့ (National Legislation)တွေ ပြုစုဖို့ သင့်ပါတယ်လို့ ကျွန်တော်တို့ အဆိုပြုခဲ့တာ ဖြစ်ပါတယ်။ ထိုစဥ်ကလည်း ဝန်ကြီးက ဒါ လုပ်မှာဖြစ်တယ်ဆိုတာကို ပြန်လည် ဖြေကြားသွားပါတယ်။ အခု ဒါကို စာချုပ်ကို ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ ချုပ်ဆိုပြီးတော့ (၁)နှစ် မပြည့်သေးတဲ့ကာလတွေမှာ ဒီဥပဒေကြမ်းကို ရေးဆွဲတင်ပြနိုင်တဲ့အတွက်ကြောင့် ကျွန်တော် ဂုဏ်ပြုပါတယ်။ ကျေးဇူးလည်း အများကြီးတင်ပါတယ်။ ဒါကြောင့် ကျွန်တော် ကိုယ်တိုင် တိုက်တွန်းခဲ့တဲ့ ကိစ္စ၊ ကျွန်တော် ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့တဲ့ ကိစ္စဖြစ်ခဲ့တဲ့အတွက်ကြောင့် ဒီဥပဒေကြမ်း တင်တဲ့အခါ ကျွန်တော် ဝမ်းသာအားရသွားပြီး အမည်စာရင်းပေးပြီး ဆွေးနွေးခြင်း ဖြစ်ပါတယ်။ ဆွေးနွေးနိုင်ဖို့လည်း Convention နဲ့ Protocol ကို တစ်ခါမှ မမြင်ဘူးတော့ ဝန်ကြီးကိုပဲ အကူအညီ တောင်းရပါတယ်။ ဝန်ကြီး စီစဥ်ပေးတဲ့အတွက်ကြောင့် ကျွန်တော် Protocol နဲ့ Convention ရခဲ့တယ်။ နှစ်ပတ်လောက် ဖတ်ရပါတယ်။ ဒီနေ့ကျတော့လည်း ဘာသာပြန်ပြီးသား လာပေးတော့ ကျွန်တော် ဖတ်ရတာ ပင်ပန်း လိုက်တာ ကျွန်တော့်တုန်းကတော့ အင်္ဂလိပ်လိုပဲ မူရင်း ရခဲ့တာဆိုတော့ ဖတ်ပြီးသား ဖြစ်သွားပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစာချုပ်ရဲ့ နောက်ခံသမိုင်းက ကျွန်တော် တင်ပြခဲ့တဲ့ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့က အတည်ပြုလိုက်တဲ့ Convention နဲ့ Protocol ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးကို ကျွန်တော် ပန်ကြားပါတယ်။ အင်္ဂလိပ်စကား အသုံးအနှုန်းများ သုံးခွင့်ပြုပါရန် ပန်ကြားပါတယ်။ Convention က အပြည့်အစုံကတော့ Cape Town Convention ဆိုတာ နေရာဒေသကို စွဲခေါ်ပေမယ့် Convention On International Interest in Mobile Equipment ဒီလို လာပါတယ်။ Protocol ကတော့ တစ်နေ့တည်း တစ်နေရာတည်းမှာ ချုပ်ဆိုတာဖြစ်ပြီးတော့ သူက Aircraft နဲ့ပတ်သက်တာကို သီးခြားချုပ်တဲ့အတွက်ကြောင့် နောက်ဆက်တွဲစာချုပ်အနေနဲ့ Protocol to the Convention On International Interest In Mobile Equipment On Matters Specific to Aircraft Equipment လို့ဆိုပါတယ်၊ သီးခြား သူက ဆွဲထုတ်တာ ဖြစ်ပါတယ်။ အဲဒီနှစ်ခု ရေးဆွဲပြီး ကျွန်တော်တို့ ချုပ်ဆိုခဲ့တယ်။ ကျွန်တော်တို့ကတော့ ပြောခဲ့တဲ့အတိုင်းပဲ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ စာချုပ်ဝင် နိုင်ငံ ဖြစ်ခဲ့ပါတယ်။ အာဆီယံဒေသထဲမှာ မလေးရှားက ၂၀၀၆ ခုနှစ်၊ အင်ဒိုနီးရှားက ၂၀၀၇ ခုနှစ်၊ စင်ကာပူက ၂၀၀၉ ခုနှစ်မှာ ချုပ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံဟာ စတုတ္ထမြောက် အာဆီယံဒေသထဲက ချုပ်ဆိုတဲ့ နိုင်ငံဖြစ်ပြီးတော့ နိုင်ငံပေါင်း (၆၉)နိုင်ငံ ပါဝင်တဲ့ Convention နဲ့ (၆၁)နိုင်ငံပါဝင်တဲ့ Protocol မှာ ကျွန်တော်တို့ အဖွဲ့ဝင် ဖြစ်သွားပြီ ဖြစ်ပါတယ်။ အာဆီယံ Chair ဖြစ်တဲ့အချိန်မှာ ဂုဏ်ယူစရာကောင်းတာက ဒီဥပဒေပေါ်လာတာဟာ အင်မတန် ဂုဏ်ယူဖို့

ကောင်းပါတယ်။ ဒီနေ့ပဲ အတည်ပြုမှာ ဖြစ်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့ အများကြီး ဝမ်းသာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Convention က ပိုကျယ်ပြန့်ပါတယ်။ Mobile Equipment ရွေ့လျားတဲ့ပစ္စည်းများဆိုင်ရာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရွေ့လျားပစ္စည်း အားလုံးမှာ စောစောတုန်းက အကိုကြီး ဦးညွန့်တင် တင်ပြသွားလိုပဲ သဘော် ပါ ပါတယ်။

RailWay Rolling Stock လို့ခေါ်တဲ့ ရထားရဲ့ ရွေ့လျားနိုင်တဲ့ အစိတ်အပိုင်း အင်ဂျင်ရော အတွဲရော အကုန် ပါ ပါတယ်။ နောက် Space Assets အာကာသ ပစ္စည်းတွေပါ ပါ ပါတယ်။ ဒါတွေ အကုန်လုံး ခြုံငုံထားတဲ့ လွှမ်းခြုံထားတဲ့ Convention ကြီး ရှိပါတယ်။ Protocol ကတော့ အဲဒီထဲကမှ ရွေးထုတ်ပြီးတော့ Chicago Convention နဲ့ နောက်ဆက်တွဲသဘောနဲ့ ဒီ Convention ရဲ့ နောက်ဆက်တွဲသဘောနဲ့ Chicago Convention မှာ ပါတဲ့အချက်တွေကို ရည်ညွှန်းပြီးတော့ သူက Aircraft Equipment လေယာဉ်ဆိုင်ရာ ပစ္စည်းများကို သီးသန့် သူက ဖော်ပြထားတဲ့ဟာ ဖြစ်ပါတယ်။ ဒါကြောင့် ရွေ့လျားနိုင်သော ကိရိယာ၊ လေယာဉ်ဆိုင်ရာပစ္စည်းကိရိယာ သီးသန့်ဆိုင်ရာကိစ္စရပ်များနဲ့ ပတ်သက်တဲ့ နိုင်ငံတကာအကျိုးစီးပွားဆိုင်ရာ ဥပဒေကြမ်း ဆိုပြီးတော့ ဥပဒေနာမည်ကို တော်တော် ရှည်ရှည်လျားလျား ခြုံငုံပြီးတော့ အကုန်လုံးပါအောင် ပြုစုထားပါတယ်။ မေးစရာရှိတာက Convention နဲ့ Protocol နှစ်ခု ရှိတာကို ကျွန်တော်တို့နိုင်ငံက ဥပဒေ တစ်မျိုးတည်းနဲ့ ပြဋ္ဌာန်းလို့ရသလား တစ်နည်း၊ ဒုတိယက ရထားဝန်ကြီးဌာန မပါဘဲနဲ့ ပို့ဆောင်ရေး ဝန်ကြီးဌာနတစ်ခုတည်းက လေယာဉ်ပျံအတွက် ထုတ်လို့ရလား၊ ရပါတယ်။ ဘာကြောင့်လဲဆိုတော့ Convention မှာ အတိအကျ ပါ ပါတယ်။ Convention ရဲ့ Article ၆ ပေါ့။ Relation Between the Convention and the Protocol မှာ ပုဒ်မခွဲ နှစ်ခု ပါ ပါတယ်။ ပုဒ်မခွဲ ၁ က အတိအကျ ဆိုထားပါတယ်။ This Convention and the Protocol shall be read and Interpreted as a single instrument - Protocol ရော Convention ကို ဥပဒေဆိုင်ရာ အထောက်အထား တစ်ခုအနေနဲ့ တစ်ပေါင်းတည်း စဥ်းစားလို့ ရတယ်ဆိုတာ ပါ ပါတယ်။ ဒုတိယ ပုဒ်မခွဲလေး တစ်ခုကတော့ To the extent of any in-consistency between the Convetion and the Protocol, the Protocol shall prevail လို့ အတိအကျ ရေးထားပြီးသားပါ။ ဒီနှစ်ခုကြားမှာ လိုက်လျောညီထွေ မရှိရင်တောင်မှ Protocol က လွှမ်းမိုးမှု ရှိတယ်ဆိုတဲ့အတွက်ကြောင့် လေယာဉ်ဆိုင်ရာ ဥပဒေကို ဒီ Protocol အရ Convention နဲ့ပေါင်းပြီး ဆက်စပ်ခွင့် ရှိပါတယ်။ အလားတူ Protocol မှာလည်း "The Convetion and this Protocol Shall be known as the Convention on International interest in Mobile Equipment as Applied to Aircraft Object" အတိအကျ Article 2 မှာ ဖွင့်ဆိုထားတဲ့အတွက်ကြောင့် ပို့ဆောင်ရေးဝန်ကြီး ဌာနက ဒီ Protocol နဲ့ Convention ကို ခြုံငုံပြီးတော့ လေယာဉ်ဆိုင်ရာ ဥပဒေ သီးသန့်ထုတ်တာဟာ မှန်ကန်ပါကြောင်း ဥပဒေအရ ဆီလျော်ပါကြောင်း ဥပဒေရဲ့အမည်လည်း ဆီလျော်ပါကြောင်း ကျွန်တော် ထောက်ခံပြီး ဆွေးနွေးပါတယ်။ နောက်တစ်ခုကတော့ Convention ကြီးက Chapter ပေါင်း (၁၄)ခု ရှိပါတယ်။ ပုဒ်မပေါင်း (၆၂) ခုပါဝင်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုချက် (၄၀)လောက် ပါ ပါတယ်။ Protocol ကတော့ Chapter (၆)ခုရှိပြီး Article (၃၇)ခုနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၆)ခုလောက် တွေ့ရပါတယ်။

ကျွန်တော်တို့ ဒီမှာတော့ ကျစ်ကျစ်လျစ်လျစ်ကလေးနဲ့ ဥပဒေမှာ အခန်းပေါင်း(၄)ခန်း နဲ့ ပုဒ်မ ၁၂ ခုနဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၂)ခု ဖွင့်ထားတာ တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစကားရပ်တွေထဲမှာ အဓိပ္ပာယ်ဖွင့်ဆိုတာကတော့ ဒီ mobile ပစ္စည်းဆိုတဲ့အထဲမှာ၊ လေယာဉ်ပစ္စည်းကိရိယာတစ်ခုထဲကို ပုဒ်မ ၂ (စ)ကို လေယာဉ်ပစ္စည်းကိရိယာ Aircraft Object ဆိုတာကို ဖွင့်ဆိုထားတာ တွေ့ရမှာ ဖြစ်ပါတယ်။ လေယာဉ်ပစ္စည်းကိရိယာက စောစောက ပြောခဲ့တဲ့ Chicago Convention အရ လေယာဉ်ကိုယ်ထည် သတ်မှတ်ထားတဲ့ဟာ လေယာဉ်ကိုယ်ထည်၊ ပြီးတော့မှ လေယာဉ်အင်ဂျင် ပါ ပါတယ်။ လေယာဉ်ကိုယ်ထည် ဆိုတာလည်း Chicago Convention မှာပါပြီးသား ဖြစ်တယ်။ လေယာဉ်အင်ဂျင် တင်လိုက်ရင် သက်ဆိုင်ရာလေကြောင်းအာဏာပိုင်က သယ်ယူပို့ဆောင်ရေးအတွက် သုံးနိုင်တယ်လို့ တရားဝင် certify လုပ်တဲ့ဟာကို ခေါ်တာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီဟာတွေ ပါတဲ့အတွက်ကြောင့် အင်ဂျင်ဆိုတဲ့နေရာမှာ jet propulsion အင်ဂျင်ရော၊ Piston Technology ရော၊ Turbine Technology ရော အကုန်အကျုံးဝင်တယ်။ ကိုယ်ထည်ဆိုတာလည်းပဲ ဟယ်လီကော်ပတာ အပါအဝင် ဖြစ်ပါတယ်။ ဒါတွေကို လွှမ်းခြုံနိုင်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်ပါတယ်။ အဓိက ဒါ Protocol 12 မှာလည်း အတိအကျပါတယ်။ ဟယ်လီကော်ပတာဆို ဘယ်နှစ်ယောက်တင်နိုင်ရမယ်၊ ဝန်ဘယ်လောက် ရုန်းနိုင်ရမယ်၊ jet propulsion အင်ဂျင်က အင်ဂျင်ပါဝါ ဘယ်လောက်ရှိရမယ် ဒါတွေကတော့ ကျွန်တော် မပြောတော့ပါဘူး။ အကုန်လုံး အပြည့်အစုံ ပါပြီးသားဖြစ်ပါတယ်။ လေယာဉ်ကိုယ်ထည်ကိုတော့ သက်ဆိုင်ရာလေကြောင်း ပို့ဆောင်ရေးအာဏာပိုင်အဖွဲ့အစည်းပေါ့။ အခုဆိုရင်တော့ DCA က အသိအမှတ်ပြုဖို့ လိုပါတယ်။ အဲဒါ အသိအမှတ်ပြုထားတဲ့ဟာဆိုရင် လေယာဉ်ကိုယ်ထည်နဲ့ အကျုံးဝင်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ သုံးသပ်ချက် အစီရင်ခံစာကို စောစောတုန်းက ဦးအောင်ကြည်ညွန့် တင်သွင်းသွားပါတယ်။ အပိုဒ် ၂ ပိုဒ်လုံး ကျွန်တော် ထောက်ခံပါတယ်။ ပုဒ်မ ၁၀ မှာ ပါတဲ့ဟာကို လူမွဲစွာ ခံယူခြင်း Insolvency Act နဲ့ Insolvency proceedings ကို ဝန်ကြီးဌာနက ပြင်ရေးတာက ဥပဒေအသုံးအနှုန်းကို "လူမွဲအဖြစ် ခံယူခြင်း၊ လူမွဲအဖြစ် ခံယူသည့် ဥပဒေ" ဆိုတဲ့ဟာက ပြင်ဆင်တာဟာ မှန်ကန်ကြောင်း ထောက်ခံပါတယ်။ အလားတူပဲ ပုဒ်မ ၁၂ ကို ကျွန်တော်လည်း အစကတော့ မေးဖို့ပဲ ပုဒ်မ ၁၂ မှာ လုပ်ပိုင်ခွင့် မတူတဲ့ (၃) ခုကို ပေါင်းထားတာ တစ်ပေါင်းတည်း ရေးထားတာ ရှိပါတယ်။ မူရင်းဥပဒေမှာ။ဝန်ကြီးဌာနရယ်၊ ကြီးကြပ်ရေးအာဏာပိုင် အဖွဲ့ရယ်၊ DCA ရယ် (၃)ခုကို တစ်တန်းတည်းထားပြီးမှ ထုတ်ပြန်နိုင်တယ်ဆိုတဲ့ဟာ ဒါ မဟုတ်ဘူး။ ဒါကြောင့် ခုလို ပြန်ပြီး အပိုဒ် (၃)ပိုဒ် ခွဲပြီးတော့ ဝန်ကြီးဌာနက ဘာလုပ်နိုင်တယ်။ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နဲ့ ဝန်ကြီးဌာနက ဘာထုတ်နိုင်တယ်၊ လေကြောင်းပို့ဆောင်ရေး ဦးစီးဌာနက ဘာထုတ်နိုင်တယ် ဆိုပြီးတော့ ပြင်လိုက်တာဟာ ဥပဒေကြောင်းအရ အင်မတန် ဆီလျော်တဲ့ အချက်ဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော် အပြည့်အဝ ထောက်ခံပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါပေမဲ့ ကျွန်တော် မြင်တာလေး တစ်ခု နှစ်ခုတော့ ဖတ်ပြခွင့်ပြုပါ။ ဖတ်ပြတဲ့အခါမှာ ဝေဖန်ခြင်းလည်း မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် ဥပဒေပညာရှင် မဟုတ်ပါဘူး။ ဒါတွေဟာလည်း ပြန်လည်ကြားနာရန် မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီး စီစဉ်ထားတဲ့ အတည်ပြုထားတဲ့ အစီအစဉ်အတိုင်း ဆက်လုပ်လို့ရအောင် ကျွန်တော် ထောက်ပြခြင်းသာ ဖြစ်ပြီးတော့ သင့်တယ်ဆိုရင် စဉ်းစားနိုင်အောင် ဒါ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒါကတော့ ဥပဒေရဲ့ နိဒါန်း ဖြစ်ပါတယ်။ ဥပဒေ

နိဒါန်းဟာ ကျွန်တော်တို့ မှတ်မိတာကတော့ လွှတ်တော်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေတွေကို ဒီလောက် ရှည်လျားတဲ့ နိဒါန်းနဲ့ ဥပဒေမှာ မပါ ပါဘူး။ ဘာမှမရေးဘဲနဲ့ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဆိုတဲ့ စာကြောင်းလေးပဲ ပါ ပါတယ်။ ကျွန်တော် သေချာရဲ့လား ပြန်ကြည့်တဲ့အခါ အနီးစပ်ဆုံးတွေ့တာကတော့ ကျွန်တော့်စားပွဲပေါ်မှာ ရှိနေတာကတော့ ငြိမ်းစုစီး ဥပဒေပေါ့လေ။ ငြိမ်းစုစီးကို ပြည်ထဲရေးကတော့ နိဒါန်းနည်းနဲ့ ရေးတာပေါ့။ ကျွန်တော်တို့ လွှတ်တော်က အတည်ပြုတဲ့ အခါ မရေးပါဘူး။ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဆိုတဲ့ဟာနဲ့ပဲ ရေးလေ့ရှိတဲ့အတွက်ကြောင့် ဒီဟာကြီးကျတော့မှ ကျွန်တော် ရှည်ရှည်လျားလျား ဝန်ကြီးဌာနကတော့ အပြည့်အစုံ ရေးထားတာပေါ့လေ။ ပါဖို့ လိုတယ်ဆိုရင်လည်း ကျွန်တော် ဒါ လက်ခံပါတယ်။ ဒီတိုင်း ရေးမယ်ဆိုရင်လည်း ကျွန်တော်က အပြည့်အဝ ထောက်ခံမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်တွေ့တဲ့အချက်လေးတစ်ချက်ကတော့ ပုဒ်မ ၂ (ဆ) ဖြစ်ပါတယ်။ တရားရုံး၊ တရားရုံးဆိုတာ မူရင်း Convention ကတော့ Court means ရှင်းရှင်းလေးပါ။ A court of law or an administrative or Arbitral Tribunal Established by the Contracting State တရားရုံးဆိုသည်မှာ သက်ဆိုင်ရာစာချုပ် ချုပ်ထားတဲ့နိုင်ငံက တည်ထောင်ထားသော တရားဥပဒေ ဆိုင်ရာ တရားရုံး သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ သို့မဟုတ် ခုံသမာဓိဆိုင်ရာ အနုညာတ တရားရုံးကို ဆိုလိုသည်။ ခုံရုံးကို ဆိုလိုသည်လို့ ပါတယ်။ အဲဒါကို ကျွန်တော်တို့ဘက်က ဥပဒေထဲမှာ ဘယ်လို ထည့်လိုက်လဲဆိုတော့ ဝန်ကြီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရား လွှတ်တော်ကို သော်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့်အာဏာ အပ်နှင်း ထားသော တရားရုံးတစ်ခုခုသော်လည်းကောင်း၊ တည်ဆဲဥပဒေအရ တည်ထောင်ထားသည့် အနုညာတ သမာဓိခုံရုံး တစ်ခုခုသော်လည်းကောင်း ဆိုလိုသည်ဆိုတော့ (၃)ခု ထဲမှာ ပထမတစ်ခု လို၊ မလို ကျွန်တော် စဉ်းစားကြည့်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်ကိုသော်လည်းကောင်း ဆိုတော့ အဲဒါကို ဒုတိယ Clause က မလွှမ်းမိုးဘူးလား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က သီးခြားစီရင်ပိုင်ခွင့် အပ်နှင်းထားသော တရားရုံးတစ်ခုခုထဲမှာ အကျုံးမဝင်ဘူးလား။ ဒီဟာကြီးကို Region and State Chief Court လို့ သွားဖော်ပြလိုက်ရင် သူ့မှာ Jurisdiction ရှိ၊မရှိဆိုတဲ့ ပြဿနာ လိုက်လာနိုင်ပါတယ်။ ကျွန်တော် မှတ်မိလိုက်ပါတယ်။ ဗိုလ်ချုပ်ခင်မောင်အေး တင်တုန်းက Admiralty ပတ်သက်တဲ့ ဥပဒေ တင်တုန်းကလည်း တရားရုံးချုပ် တရားသူကြီးက လာဖွင့်ဆိုသွားပါတယ်။ တရားရုံးချုပ်က လက်လှမ်းမမီနိုင်တဲ့အတွက်ကြောင့် တိုင်းနဲ့ပြည်နယ် ဆိပ်ကမ်းရှိတဲ့ ပြည်နယ်အစိုးရ တရားလွှတ်တော်တွေပဲ လွှဲမယ် ကြားလိုက်တယ်။ ဒါပေမဲ့ Jurisdiction ရှိ၊ မရှိဆိုတာ ပြဿာနာ လာနိုင်ပါတယ်။ ကျွန်တော် လေ့လာအခါကျတော့ ဇယား ၂ ပေါ့။ တိုင်းနဲ့ ပြည်နယ်များရဲ့ ဥပဒေပြုခွင့် ဇယား ၂ မှာ (က)(ခ)(ဂ) ဆိုတဲ့ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍမှာတော့ ကျွန်တော်တော့မတွေ့မိပါဘူး။ ဒါပေမဲ့ ပါတာကတော့၊ သေချာတာကတော့ ဇယား (၁)မှာတော့ ဒါမျိုးပါတာတော့ ကျွန်တော်တွေ့ပါတယ်။ ဒါကြောင့် အဲဒီလိုတိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်များလို့ ရေးမယ့်အစား တရားလွှတ်တော် ချုပ်က စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားတဲ့ တရားရုံးတစ်ရုံးဆိုရင် အကုန်ခြုံမိသွားနိုင်တဲ့အတွက် ကြောင့်မို့ ပိုပြီးများ သင့်တော်မလားလို့ ကျွန်တော့်ဘက်အကြံပြုခြင်း ဖြစ်ပါတယ်။ ဒါလည်းပဲ ဒီအတိုင်း အတည်ပြုမယ်ဆိုလည်း ကျွန်တော်က ထောက်ခံပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုကတော့ ပုဒ်မခွဲ (ဇ)နဲ့(ဈ)ကို သွားကြည့်တော့ (ဇ)က ကြွေးမြီရှင် သူတို့ အင်္ဂလိပ်လို Creditor၊ (ဈ)က ကြွေးမြီပေးဆပ်ရမယ့် ပုဂ္ဂိုလ် Debtor ပေါ့။ ဒါလေး သွားလေ့လာလိုက်ပါတယ်။ အဲဒါ အပေါ်က(ဆ)၊ (ဆ)က တရားရုံးနဲ့ သွားဆက်စပ်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နိုင်ငံကို ပြန်ကြည့်ရင် လက်ရှိအနေအထားအရ ကျွန်တော်တို့က လေယာဉ်တွေဝယ်နေရဦးမယ်၊ ငှားနေရဦးမယ်။ ဝယ်တယ်ဆိုတာလည်း Cash Down ပေါ့ တစ်ခါတည်းအပြတ်ပေးချေနိုင်တဲ့အနေအထားလည်း ရှိချင်လည်း ရှိမယ်။ သို့မဟုတ် Conditional Selling, Conditional Buying လို့ခေါ်တဲ့ စာချုပ်စာတမ်း အရပေးချေရန်ငွေ နှစ်ဆိုင်း၊ အများနားလည်တဲ့စကားကတော့ Hire Purchase ဆိုတဲ့ သဘောနဲ့ဝယ်ရတာဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်တို့က Debtor နေရာ ကြွေးမြီပေးဆပ်ရမယ့် နေရာမှာပဲ ရှိဦးမယ်။ ပြည်တွင်းမှာတော့ ပုဂ္ဂလိကလိုင်းတွေကို ပြန်ပြီးရောင်းနိုင်တယ်၊ ငှားနိုင်တယ် အဲဒီအခါမှာ ကျွန်တော်တို့က Creditor ကြွေးမြီရှင်များ ဖြစ်တယ်။

သို့သော် အရေးကြီးတာက ကိုယ်က Debtor ဖြစ်နေတဲ့အချိန်မှာဆိုရင် Creditor ဘက်က စောစောကလည်း သံအမတ်ကြီးပြောသွားပါတယ်။ Creditor ဘက်က တောင်းဆိုခွင့်တစ်ခုရှိပါတယ်။ အဲဒါဘာလဲဆိုရင် သက်သာခွင့်တောင်းဆိုတယ်လို့ ခေါ်ပါတယ်။ အမှန်ကတော့ ဒါဘာလဲဆိုရင် Relief pending final determination ဆိုတာရှိပါတယ်။ ကျွန်တော် ဖတ်ကြည့်တော့ လေးချက်ရှိတယ်။ အဲဒါတော်တော်များပါတယ်။ လေးချက်က ဘာလဲဆိုတော့ သူက ကျွန်တော်တို့ဘက်က တစ်စုံတစ်ရာများ စည်းကမ်းဖောက်ဖျက်ခဲ့ရင် သူကခုံသမာဓိကို တင်လိုက်တဲ့အခါမှာ ဆုံးဖြတ်သည်ဖြစ်စေ၊ မဆုံးဖြတ်သည်ဖြစ်စေ final determination မထွက်ခင်ကတည်းက သက်သာခွင့်လေးမျိုးသူ တောင်းခွင့် ရှိပါတယ်။ ဒီနိုင်ငံရဲ့ ပိုင်ဆိုင်ခွင့်ထိန်းထားနိုင်တယ်။ တန်ဖိုးနဲ့ပစ္စည်းကိုထိန်းထားနိုင်တယ်။ ဘယ်မှ မရွှေ့ရဘူး၊ မပျံရဘူး၊ မပြန်ရဘူးဆိုပြီးတော့ immobilize လုပ်ထားနိုင်တယ်။ သို့မဟုတ် အဲဒီလို သူက နောက်တစ်ယောက်ကို ငှားလိုက်လို့ရတယ်၊ လွှဲပေးလိုက်နိုင်တယ်။ ဒါမျိုးတွေကြောင့် ဒါမျိုးတွေကို ချုပ်တဲ့အခါမှာ ဒါလေးကို သွားစိတ်ပူလို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ မနက်ကတော့ ဝန်ကြီးနဲ့ အလွတ်သဘော စကားပြောလိုက်တဲ့အခါမှာ ဝန်ကြီးပြောလိုက်တော့ ရင်အေးသွားပါတယ်။ ပြောတဲ့အခါမှာ ဒါတွေ အကုန်လုံးထည့်ပြောပြီးသား။ အခုလည်းရောင်းမယ့် ဘိုးရင်းကုမ္ပဏီကလည်း ဒါတွေနဲ့ ပတ်သက်လို့ အကုန်လုံးလက်ခံတယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်ဝမ်းမြောက်ပါကြောင်း တင်ပြတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါလည်း ပုဒ်မခွဲ (ဍ)နဲ့ (ဎ)ကတော့ ကျွန်တော် ဒီအထောက်အထားပြု၍ဆိုတဲ့ ဒီစကားလေးတစ်ခုပါပဲ။ ဒါလဲ ဒီအတိုင်းလည်း ကျွန်တော် လက်ခံနိုင်ပါတယ်။ အဲဒါဘာလဲဆိုတော့ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့ ဆိုသည်မှာ Convention အပိုဒ် ၁၇၊ အပိုဒ်ခွဲ (၁)ကို အထောက်အထားပြု၍ ဆိုတဲ့စကား ကျွန်တော်တို့ ဒါလေးသတိထားမိတာကတော့ pursuant to Article so and so ဆိုတဲ့စကားဥပဒေမှာ သုံးနေကျပါ။ pursuant to ဆိုရင် အရ ဆိုလည်း ရပါတယ်။ နှင့်အညီ ဆိုလည်းရပါတယ်။ ဒါကြောင့်မို့လို့ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(၁)အရ (သို့) နှင့်အညီဆိုလည်း ဒါဖြစ်မလားလို့ အလားတူပဲ (ဌ)မှာလည်းပဲ မှတ်ပုံတင်အရာရှိ ဆိုသည်မှာ Convention အပိုဒ် ၁၇၊ အပိုဒ်ခွဲ ၂ ကို အထောက်အထားပြု၍ အစား အညီ သို့မဟုတ် နှင့် အရ ဆိုရင်လည်း ရမလားလို့ ကျွန်တော် သွားစဉ်းစားမိပါတဲ့ အချက်လေးကို တင်ပြခြင်းမျှသာ ဖြစ်ပါတယ်။

အလားတူ ကျွန်တော်တို့ ပုဒ်မ ၃ ကတော့ ဒီဝါကျအထားအသို၊ ကျွန်တော် မြန်မာစာပညာရှင် မဟုတ်ပါဘူး။ ဒါပေမဲ့ ဖတ်ကြည့်လိုက်တော့ ပုဒ်မ ၄ ပါ အပိုဒ်ခွဲ ၃ပိုဒ် ဖြစ်ပါတယ်။ ပုဒ်မ ၄ ပါ၊ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်ဆိုရင် ကျွန်တော် ထင်ပါတယ် ပြည်ထောင်စုအစိုးရအဖွဲ့က မထုတ်ပါဘူး။ ဝန်ကြီးဌာနက ထုတ်မှာ ဖြစ်ပါတယ်။ ရှေ့မှာ Defination လည်း ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီနေရာမှာ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် Convention သို့မဟုတ် နောက်ဆက်တွဲ Protocol နဲ့အညီ ပြုလုပ်ထားသည့် ပုဒ်မ ၄ ပါ ကြေညာချက်များ ဆိုရင်တော့ ပိုပြီးဆီလျော်သွားမယ်လို့ ထင်ပါတယ်။ အလားတူပဲ ပထမဇယားဖြင့် ဖော်ပြထားသော Convention ပါ ပြဋ္ဌာန်းချက်များနှင့် ဒုတိယဇယားဖြင့် ဖော်ပြထားသော နောက်ဆက်တွဲ Protocol ပါပြဋ္ဌာန်းချက်များသည် ဆိုရင်တော့ တော်တော်ကြီး ဆီလျော်မယ်လို့ ကျွန်တော်ထင်ပါကြောင်း အကြံပြုတင်ပြပါတယ်။ ဒီအတိုင်းဆိုလည်း ကျွန်တော် လက်ခံနိုင်ပါတယ်။

အခန်း ၄မှာ အထွေထွေအခန်းထဲမှာ၊ ပုဒ်မ ၄ ရှိပါသေးတယ်။ ပုဒ်မ ၄က ဘာလဲဆိုတော့ (က)၊ (ခ)၊ (ဂ) ပါ။ (က)မှာ ပြည့်စုံအောင်ရေးပြီးသားဖြစ်ပါတယ်။ Convention ကိုဖြစ်စေ၊ နောက်ဆက်တွဲ Protocol ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံသည့်အချိန်တွင် ထို Convention သို့မဟုတ် နောက်ဆက်တွဲ Protocol ပါ ပြဋ္ဌာန်းချက်များ အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို လည်းကောင်း အကျိုးသက်ဆိုင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါကကြေညာချက်များကို ပြုလုပ်နိုင်သည်။ အဲဒီနေရာမှာ လိုအပ်ပါက ကြေညာချက်များကို ပြုနိုင်သည်က ကောင်းမလား၊ ကြေညာချက်များကို လိုအပ်သလို ပြုလုပ်နိုင်သည်က ကောင်းမလားလို့။ (ခ)ကျရင်တော့ နည်းနည်းထောက်ပါတယ်။ အပေါ်မှာအပြည့်အစုံရေးပြီးသားကို "Convention ကိုဖြစ်စေ၊ နောက်ဆက်တွဲ Protocol ကိုဖြစ်စေ အဖွဲ့ဝင်အဖြစ် သဘောတူလက်ခံပြီးနောက် အဆိုပါ"လို့ ရေးမယ့်အစား "အထက်ပါပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များ" ဆိုရင် ပြီးပါပြီ။ ဘာလို့လည်းဆိုတော့ အပေါ်မှာ အပြည့်အစုံရေးထားပြီးသားပါ။

ဆိုလိုတာက ပြဋ္ဌာန်းချက် ထုတ်နိုင်တယ်၊ ပြင်နိုင်တယ်၊ ပြန်ရုပ်သိမ်းနိုင်တယ်။ ဒါကိုပဲ ပြောတာပါ။ ဒါကြောင့်မို့လို့ ပြဋ္ဌာန်းချက်ဆိုတဲ့နေရာမှာ အပိုဒ်(ခ)က "အထက် ပုဒ်မခွဲ(က) ပါ" ဆိုရင် ရှိသမျှတွေ အကုန်ပါသွားပြီးတော့ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ဆိုင်ခြင်း ကြေညာချက်များကို ထပ်မံပြုလုပ်နိုင်တယ်။ ပြန်ရုပ်သိမ်းနိုင်တယ်ဆိုရင်ကောင်းမလားလို့ ထင်မိတဲ့ အကြောင်းလေး တင်ပြပါရစေ။ နောက် အခန်း(၄)ဖြစ်ပါတယ်။ အထွေထွေကဏ္ဍပုဒ်မ ၈ ဖြစ်ပါတယ်။ ပုဒ်မ ၈ဖြစ်ပါတယ်။ အဲဒီမှာတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဆိုတဲ့နေရာ မှာ မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူက ပိုကောင်းမလားလို့ တွေးမိတဲ့အချက်ကို ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ ကျွန်တော် ဒီနေ့ အတည်ပြုမယ့်အစီအစဉ်ကို နှောင့်နှေးကြန့်ကြာစေ လိုတဲ့ သဘောမရှိပါဘူး။ ကျွန်တော်ဒီဘက်က မပြင်လည်း တခြားလွှတ်တော်ဘက်က ပြင်နိုင်မယ့် ဟာတွေကို ကျွန်တော်က ထောက်ပြလိုခြင်းမျှသာဖြစ်ပါတယ်။ အဲဒီမှာ အချုပ်ကျွန်တော် တင်ပြလိုက် ရရင်တော့ ကျွန်တော်တို့ဟာ ICAO အဖွဲ့ဝင်နိုင်ငံဖြစ်တယ်။ Convention နဲ့ Protocol ကို အတည်ပြု ထားပြီးသား ဖြစ်တယ်။ ဒါဆိုရင်ကိုယ့်နိုင်ငံက ဒါနဲ့လိုက်လျောညီထွေရှိတဲ့ National Lagislation အမျိုးသားဥပဒေ လိုတယ်။ ဒါကို ဝန်ကြီးဌာနက အချိန်မီတင်ပြပါတယ်။ ဥပဒေကို ထောက်ခံပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ဆောင်ရွက်ချက်ကိုလည်း ထောက်ခံပါတယ်။ ဒီဥပဒေကြမ်းကို ဥပဒေအဖြစ်

ပြဋ္ဌာန်းလိုက်ပြီဆိုရင် ဒီဟာကနေ ရနိုင်မယ့် Ractify လုပ်တဲ့နေ့ကစပြီး ကိုယ်ခံစားရမယ့် percentage အကျိုးအမြတ်အားလုံးလည်း သံအမတ်ကြီးလည်း ရှင်းသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒါတွေအားလုံးဟာ ကျွန်တော်တို့နိုင်ငံဘက်က အသာစီးရမှာတွေ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ကျေနပ်ပါတယ်။

တစ်ဖက်ကလည်း စာချုပ်ချုပ်တဲ့နိုင်ငံဆိုတော့ ထုံးစံအတိုင်းပဲ Commitmet ရှိသွားနိုင်ပါတယ်။ ပုဒ်မ ၂၅ မှာပါတဲ့ကျွန်တော်တို့ Declaration ဆိုတဲ့ ကြေညာချက်တွေက အရေးကြီးပါတယ်။ ကြေညာချက်ကို အာဏာပိုင်အဖွဲ့က လုပ်ပြီးလို့ရှိရင် Depository လို့ခေါ်တဲ့ UNITROITT ကိုသွားပြီး တင်ထားရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က ကန်ထရိုက်တွေနဲ့ပတ်သက်လို့ရှိရင် စာချုပ် ချုပ်တဲ့အခါမှာ အလေးအနက်သတိထားပြီး ဆောင်ရွက်မယ်ဆိုရင် အမှားအယွင်းနည်းနိုင်ပါကြောင်း တင်ပြရင်းနဲ့ဥပဒေကြမ်း ကိုထောက်ခံပါကြောင်း ဆွေးနွေးရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရီ ဆွေးနွေးချက်မှာ အဓိက အရေးကြီးတာကတော့ အပိုဒ် ၂။

**ဦးခင်မောင်ရီ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ တရားရုံးဆိုသည်မှာပေါ့။

**ဦးခင်မောင်ရီ၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဟုတ်ကဲ့ပါ။ မှန်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီကဘာများပြောစရာရှိလဲ။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ကိုသော်လည်းကောင်းဆိုတာနဲ့ပတ်သက်လို့။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး ခင်ဗျား။ တင်ပြပါရစေခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ဒီကိစ္စကို ညှိနှိုင်းခဲ့စဥ်အခါတုန်းက ဒီမှာလည်း Jurisditation Chapter 11 မှာပါ ပါတယ်ခင်ဗျ။ သူက Court ကို ဒီမှာသာ ဒီလိုသာဖော်ပြထားတာ၊ ဟိုမှာကျတော့ Specific တစ်ခါတည်း Protocol ထဲမှာ ဖော်ပြထားတာလို့ ဆိုပါတယ်။ ဆိုတဲ့အခါကျတော့ ရန်ကုန်တိုင်းဒေသကြီး တရားရုံးအဖြစ်တည်ရှိနေတဲ့ အခရင် Hight Court ပေါ့။ ကျောက်တံတားမြို့နယ် နယ်မြေကအစ ဒီလိုတင်ပြခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ဒါကို ဒီလိုပြဋ္ဌာန်းချက်နဲ့ဖော်ပြခဲ့ပါတယ်လို့ ဒါပို့ဆောင်ရေးဝန်ကြီးဌာနဘက်က တင်ပြခဲ့တာ ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။တရားစီရင်ရေးနဲ့ ပတ်သက်လို့ ပို့ဆောင်ရေးဝန်ကြီးဌာနက တင်ပြလို့ မရဘူး။ အခြေခံဥပဒေနဲ့ညီဖို့လိုတယ်။ ဒါကြောင့်မို့လို့ ဒါနဲ့ပတ်သက်ပြီးတော့ အလျင်စလိုပြဋ္ဌာန်းဖို့ လည်း မလိုပါဘူး။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်းကို ဦးခင်မောင်ရီ ရဲ့ဆွေးနွေးချက်များအား ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် ဆုံးဖြတ်တယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၀။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာအား အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီကိုယ်စား ဥပဒေကြမ်း ကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ကျွန်တော် ဦးတင်ယု က ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏
နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး
ကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၁၃၃

ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ မတ် လ ၁၉ ရက်

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥပဒေအမှတ်၊ ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်က အမျိုးသားလွှတ်တော်သို့ အဆိုပြုတင်ပြလာရာ ဥပဒေကြမ်း အဆိုပြုသူ ဒေါက်တာအေးမောင် အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးခြင်းနှင့် လိုအပ်သည်များ မေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ပြီး ၁၂-၂-၂၀၁၄ ရက်နေ့တွင် ကျင်းပသော အမျိုးသားလွှတ်တော် အစည်းအဝေးသို့ အစီရင်ခံစာ တင်သွင်းလာပါသည်။

၂။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ဦးပေါ်လျှံလွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)။ ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)။

ဦးအုန်းတင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)နှင့် ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့ (၅)ဦးတို့က အကြံပြုဆွေးနွေးခဲ့ကြသည့်အပေါ် လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန် ပေးချက်အရ ၁၈-၃-၂၀၁၄ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာခဲ့ပါသည်။

ကော်မတီ၏ လေ့လာတွေ့ရှိချက်

၃။ ဥပဒေကြမ်းကော်မတီက ထပ်မံစိစစ်လေ့လာခဲ့ရာတွင် မြန်မာနိုင်ငံသား ဥပဒေ (၁၉၈၂ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄) အရ အမျိုးသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူများသည် နိုင်ငံရေးစိစစ်ရေးကတ်ပြားသို့ ပြောင်းလဲလျှောက်ထားရမည်ဖြစ်ပြီး အမျိုးသားမှတ်ပုံတင် လက်မှတ်သည် နိုင်ငံသား ဥပဒေနှင့် အကျုံးမဝင်တော့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၄။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၄၅ တွင် အောက်ဖော်ပြပါ အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘ(၂)ပါးမှ မွေးဖွားသူ။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသား ဖြစ်ပြီးသူ ဟူ၍လည်းကောင်း။ ဖွဲ့စည်းပုံအခြေခံပုဒ်မ ၃၄၆ တွင် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည်ဟုလည်း ပြဋ္ဌာန်းထားသဖြင့် မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသား ပြုခွင့်ရသူတို့သာ နိုင်ငံသားဖြစ်ထိုက်ကြောင်း စိစစ် လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

သို့ဖြစ်ပါ၍ အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီ၊ ဥပဒေကြမ်းကို တင်သွင်းခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် တို့နှင့် ဆွေးနွေးညှိနှိုင်းသဘောတူညီမှုများအရ အောက်ပါအတိုင်း ပြင်ဆင်သင့်ပါကြောင်း သဘောထားမှတ်ချက် တင်ပြအစီရင်ခံအပ်ပါသည်။

(က) အခန်း(၂)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ (က)၌ ပြင်ဆင်ရန် အဆိုပြုထားသည့်အတိုင်း နိုင်ငံသားဖြစ်ခြင်း ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးရန် သဘောတူသင့်ပါသည်။

(ခ) အခန်း(၂)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)၌ ပြင်ဆင်ရန် အဆိုပြုထားသည့်အတိုင်း ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုး ရန်သာ သဘောတူသင့်ပါသည်။

(ဂ) အခန်း(၂)၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)၌ ပါတီဝင်များအဖြစ် စည်းရုံးရာတွင် နိုင်ငံသား၊ ဧည့် နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင် ထားသူဖြစ်ခြင်းအစား ဧည့်နိုင်ငံသားနှင့် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူ တို့ကို ပယ်ဖျက်၍ နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဟု ပြင်ဆင်သင့်ပါသည်။

(ဃ) ပုဒ်မ ၂၅(က)အဖြစ် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄ ခုနှစ်) မပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရ တည်ရှိခဲ့သည့် နိုင်ငံရေး ပါတီများသည် ဤ ပြင်ဆင်သည့် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီများနှင့် ပါတီဝင်များ ဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤ ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင် ဆောင်ရွက်ရန်အတွက် သင့်တော်သည့် အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်ဟု ဖြည့်စွက်သင့်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၅၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄ -

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူဖြစ်ခြင်း ဆိုသည့် စကားရပ်ကို နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် အပိုဒ် ၅ -

၅။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ ၏ နောက်တွင် ပုဒ်မ ၂၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၂၅-က။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၄ခုနှစ်) မပြဋ္ဌာန်းမီ မူလနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ တည်ရှိခဲ့သည့်နိုင်ငံရေးပါတီများသည် ဤပြင်ဆင်သည့် ဥပဒေနှင့်အညီဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီနှင့် ပါတီဝင်များဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းပါတီများကို ဤပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်လုပ်ကိုင် ဆောင်ရွက်ရန်အတွက် သင့်တော်သည့် အချိန်ကာလတစ်ခုကို ကော်မရှင်က ညှိနှိုင်းသတ်မှတ်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့ အတွက် အပိုဒ် ၅ သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဇယားလေးကို ကြည့်လိုက်ပါ၊ သူက Script မှာ ရေးထားတာ လိုနေတဲ့ အတွက်

အမှတ်စဉ်(၁)၊ အပိုဒ်(၁)ဤ ဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်၊ ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။ ဒါကို ပြင်ဆင်လိုသည့် အဆိုပြုချက် ဤ ဥပဒေကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀ ကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။ ဒါက ပြင်ဆင်ချက်မရှိဘူး၊ မရှိဘူးနော်။

အမှတ်စဉ်(၂)၊ အပိုဒ်(၂) ၄(က) ဒါပြီးသွားပြီ။

အမှတ်စဉ်(၂)ပဲ၊ အပိုဒ်(၃) ၅(ဃ)၊ ဟုတ်တယ်လေ၊ ဒီမှာအတည်ပြုပေးရမှာပေါ့။ အဲဒီတော့ ကန့်လန့်ဖြတ်ဇယား အပိုဒ်(၃) ပုဒ်မ(၅)(ဃ) မူလပြဋ္ဌာန်းချက် ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီတည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးနေ့သက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ ဧည့် နိုင်ငံသားလက်မှတ် အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ် အမှတ် သို့မဟုတ် ယာယီသက်သေခံလက်မှတ် အမှတ်အစား ပြင်ဆင်လိုတဲ့ အဆိုပြုချက်

၃။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)တွင်ပါရှိသော ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီထူထောင်လို သူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ အမျိုးသား မှတ်ပုံတင်အမှတ်၊ ဧည့်နိုင်ငံသား လက်မှတ်အမှတ်၊ နိုင်ငံသားပြုခွင့်လက်မှတ် သို့မဟုတ် ယာယီ သက်သေခံလက်မှတ်

ဆိုသည့် စကားရပ် အစား ပုဒ်မ ၄ ပါ အချက်များနှင့် ညီညွတ်သော ပါတီ တည်ထောင်လိုသူများ၏ အမည်၊ အဘအမည်၊ အလုပ်အကိုင်၊ နေရပ်လိပ်စာ၊ မွေးသက္ကရာဇ်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား အမှတ်ဟု ပြင်ဆင်ရမည်။

ဒီ ပြင်ဆင်ချက်နဲ့ ပတ်သက်လို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပုဒ်မ ၅(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့ အတွက် ပုဒ်မ ၅(ဃ) သည် ဤ ဥပဒေကြမ်း ၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အပိုဒ်(၄)၊ ပုဒ်မ ၁၀၊ (က) နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူဖြစ်ခြင်း ဒါကို ဒေါက်တာအေးမောင် ရဲ့ တင်ပြချက်က

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူဖြစ်ခြင်း ဆိုသည့် စကားရပ်အစား နိုင်ငံသားဖြစ်ခြင်းဟု ပြင်ဆင်ရမည်။

ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်

၄။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ပါရှိသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သို့မဟုတ် ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်သူဖြစ်ခြင်း ဆိုသည့် စကားရပ်ကို နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူဖြစ်ခြင်းဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်လို့ ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပုဒ်မ ၁၀(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အပိုဒ်(၄)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

၂၅(က) က ခုန အတည်ပြုပြီးသွားပြီ။

**ဦးဇော်မြင့်ဖေ (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဒေါက်တာအေးမောင် နဲ့ အတူတူ ပါပဲ (၄)က။

**ဥက္ကဋ္ဌ**။ ။ ရတယ်လေ၊ ၄(က)လည်း အတည်ပြုပြီးပြီ။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။ သဘောမတူရင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၅ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။ သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

### ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (ခ)အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာအေးမောင် က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၉။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော် ဒေါက်တာအေးမောင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုအား အမျိုးသားလွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာဗညားအောင်မိုး က ဒေါက်တာအေးမောင်ရဲ့ အဆို တင်သွင်းချက်ကို ထောက်ခံပါကြောင်း ပြောကြားလိုပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအဆိုမှာ နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/၂၀၁၀) ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၂၈)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၂၉)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၂၉) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၂။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် တို့ အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ တင်သွင်းတဲ့ အဆိုနဲ့ မေးခွန်းများ လက်ခံခြင်းကို ၁၇-၃-၂၀၁၄ ရက်နေ့ (တနင်္လာနေ့)ယနေ့မှစ၍ ပိတ်သိမ်းပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၂။**

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၂း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]